# ရန္တာပုံ နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၅၄)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း ၁၄ ရက် ၊ ၁၀-၅-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်

နေပြည်တော် မေ ၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် ၁၉၄၁ - ၁၉၄၅ မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူး ကြီး မင်းအောင်လှိုင်သည် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

စာမျက်နှာ ၃ သို့ ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတကာမှ စစ်ရေးပြတပ်ဖွဲ့ဝင်များ ပါဝင်သည့် စစ်ရေးပြတပ်ဖွဲ့များက စစ်သေနာပတိချုပ်အား လမ်းလျှောက်ချီတက် အလေးပြုမှုကို ကြည့်ရှုအားပေးစဉ်။



၂၀၂၅ ခုနှစ်၊ မေ ၁၀ ရက်၊ စနေနေ့။

မန္တလေး နေ့စဉ်

## အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များနည်းပညာဆွေးနွေးလျက်ရှိ

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် နည်းပညာ (Knowledge Sharing) ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံများ၊ အထူးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးခဲ့ပါကြောင်း၊ အဆောက်အအုံများပျက်စီးမှု အနည်းအများအလိုက် အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့်အဖြစ် ခွဲခြားသတ်မှတ်ခဲ့ပါကြောင်း၊ သာမန်ပျက်စီးမှုဖြစ်သည့် အပြာရောင်အဆင့်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို ပြန်လည်ပြုပြင်နေပြီဖြစ်ပါကြောင်း၊ လိမ္မော်ရောင်အဆင့်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံပျက်စီးမှုများကို နည်းပညာရှင်များ၏ အကူအညီကိုရယူပြီး ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပျက်စီးမှုကြီးမားသည့် အနီရောင်အဆင့်သတ်မှတ်ထားသော အဆောက်အအုံများအားလုံး ဖြိုဖျက်ရန် မလိုအပ်သောကြောင့် နည်းပညာအသုံးပြု၍ ပြန်လည်ပြုပြင်နိုင်သော အဆောက်အအုံများကိုရွေးထုတ်ပြီး မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကိုသိရှိရန် နည်းပညာဖြန့်ဝေသည့်အနေဖြင့် Knowledge Sharing ဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ Level-1(အဆင့်-၁)တွင် အနီရောင်အဆင့်သတ်မှတ်ထားသော အဆောက်အအုံများကို Structure ပညာရှင်များပါဝင်သောအဖွဲ့နှင့် Level-2 (အဆင့်-၂)စစ်ဆေးရန် လိုအပ်ပါကြောင်း၊ အချို့အဆောက်အအုံများအား Strengthening ပြန်လည်ပြုလုပ်ရန် Repair နှင့် Retrofit ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ တချို့ Structure ကြီးကြီးမားမားထိခိုက်သည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ရန် မရနိုင်သည့်အတွက် ဖယ်ရှားရှင်းလင်းရမည်ဖြစ်ပါကြောင်း၊ Structure ပညာရှင်များသည် မြေပြင်တွင်ကွင်းဆင်းစစ်ဆေးပြီး Strengthening လက်တွေ့ဆောင်ရွက်နေသူများဖြစ်သည့်အတွက် အကြီးစားပျက်စီးနေသည့် အဆောက်အအုံများကို စစ်ဆေးရမည့်နည်းလမ်းများနှင့် ပြုပြင်ရမည့်နည်းစနစ်များကို ဆွေးနွေးကြမည်ဖြစ်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မေ ၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁၁) အစည်းအဝေးခန်းမ၌ ကျင်းပသည့် နည်းပညာ (Knowledge Sharing) ဆွေးနွေးပွဲတွင်ပြောကြားသည်။

မြန်မာနိုင်ငံ ငလျင်ကော်မတီမှ ပညာရှင် ဦးစောထွေးဇော်က မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ရမည့်အခြေအနေ၊ ငလျင်ဖြစ်ပေါ်ရသည့် အခြေခံသဘောတရားများနှင့် Structural Assessment Framework and Approach for Unsafe (red) Building ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဦးစန်းကြူက Detail Assessment , Restoration and Retrofitting of Seismic Affected Buildings ခေါင်းစဉ်ဖြင့် ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့မှ ဦးထင်အောင်က Forensic Engineering using Seismo Build Software ခေါင်းစဉ်ဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို Software အသုံးပြု၍ အဆောက်အအုံ၏ ခံနိုင်ရည်အား စစ်ဆေးခြင်းနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း Power Point များဖြင့် ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ဆွေးနွေးပွဲမှတစ်ဆင့် အဆောက်အအုံများ ပြုပြင်တည်ဆောက်ရာတွင် အကောင်းဆုံးပြုပြင်ရမည့် နည်းလမ်းများနှင့် ဖြေရှင်းရမည့်အခက်အခဲများကို သိရှိကြပြီး လက်တွေ့မြေပြင်တွင် ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ရာ၌ အကောင်းဆုံးနည်းလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုတော်ရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွမွှာရုံ၊ စစ်ကိုင်း-မန္တလေးအရှေ့ဘက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်းနှင့် ၄၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ (ဆဆ-၆)၊ ၁၀၆လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

၀-၀-၀-၀

## မြို့နယ်များအတွင်းရှိ ငလျင်ဒဏ်သင့်အဆောက်အအုံများ၊ ကျောင်းတိုက်များရှိ အုတ်ကျိုးများရှင်းလင်းဖယ်ရှားခြင်း၊ သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်

**မန္တလေး မေ ၉**

အင်အားပြင်း မန္တလေးငလျင်ကြီး မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့မှုကြောင့်မန္တလေးမြို့၊ မြို့နယ်များအတွင်းရှိ အဆောက်အအုံများ၊ ကျောင်းတိုက်များ၊ သာသနိကအဆောက်အအုံများနှင့် လမ်းများပျက်စီးပြိုကျမှုခဲ့သည့် နေရာများတွင် အဆောက်အအုံအပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း၊ သန့်ရှင်းရေးနှင့် အများပြည်သူအသုံးပြုသွားလာနေသည့်လမ်းများ ပိတ်ဆို့မှုများမရှိစေရန် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်တို့မှ တပ်မတော်သားများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်း၍ အဆောက်အအုံအပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အရှိန်အဟုန်မြင့်ကာ အင်တိုက်အားတိုက်နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ယနေ့နံနက်ပိုင်းမှစ၍ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ၈၄လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ လမ်း၃၀၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ လမ်း၃၀၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၇၃လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၇၈လမ်း၊ ၂၇လမ်းထောင့်တို့တွင်လည်းကောင်း၊ မဟာအောင်မြေမြို့နယ်အတွင်း အိမ်ရှင်များ အစီအစဉ်ဖြင့် ငလျင်ဒဏ်သင့်အဆောက်အအုံများဖြစ်သည့် ၆၈လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြား၊ ၄၁လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ ၄၂လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ ပြည်ကြီးမျက်ရှင် ယာဉ်ရပ်နားစခန်းတို့ရှိ ငလျင်ဒဏ်သင့်အဆောက်အအုံများကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ၁၀၁လမ်း၊ ၇၈လမ်း (ရန်ကုန်-မန္တလေးလမ်း)ထောင့်ရှိ ငလျင်ဒဏ်သင့်အဆောက်အအုံအားလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန် ၃လမ်းရှိ ငလျင်ဒဏ်သင့် အဆောက်အအုံရှင်းလင်းခြင်းနှင့် ၅၈လမ်း၊ မေမြို့သံလမ်း၊ ၁၀၇လမ်း၊ ပရံတော်ပန်းခြံဘေးရှိ မင်္ဂလာလမ်း၊ စက်မှုပန်းခြံလမ်း၊ ၁၁၉လမ်း၊ ၁၂၃လမ်းကြားတို့တွင် အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကိုလည်းကောင်း၊ အမရပူရမြို့နယ်အတွင်းရှိ အိုးတော်ရပ်ကွက် မင်္ဂလာကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ကျော်အောင်စံထားကျောင်းတိုက် မှန်တန်းရပ်ကွက်၊ ပုထိုးတော်ကြီး၊ စေတီပျက်နှင့် ကျောင်းအဆောက်အအုံပျက်အုတ်ကျိုးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းကို စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့်လည်းကောင်း၊ ငယ်တိုးကျေးရွာအုပ်စု၊ သာလေစွငလျင်ဘေးရှောင်စခန်း၊ စွယ်တော်မြတ်စေတီ၊ စစ်ကိုင်း-မန္တလေးလမ်း ဆရာချစ်ဘေးနှင့် ဆင်ကာသင်းအနီး၊ ရွှေကူဘုရားတို့တွင် အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်သားများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုအဖွဲ့အစည်းတို့ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**(မန္တလေးနေ့စဉ်-၅)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

◆ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ အကြီးအကဲများနှင့်အတူ ကရင်မလင်နန်းတော်ရှိ Senate Place သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာ ပူတင်က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာ ပူတင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကြည့်ရှုမည့် စင်မြင့်သို့ ရောက်ရှိကြသည်။

### အချက်ပေးခေါင်းလောင်းထိုး

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ရုရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ် Army General Oleg Salukov ရောက်ရှိနေရာယူပြီး ကရင်မလင်နန်းတော် မျှော်စင်ရှိ နာရီစင်မှ ၁၀ နာရီ အချက်ပေးခေါင်းလောင်းထိုးသည်။ ယင်းနောက် ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံတော်အလံနှင့် ရုရှားအောင်ပွဲနေ့ အထိမ်းအမှတ်အလံတော်တို့အား အလေးပြုခြင်းကို ဆောင်ရွက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပသည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာစဉ်။




နိုင်ငံတကာမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် လေတပ်မှ တပ်ဖွဲ့ဝင်များက လေယာဉ်များဖြင့် ပျံသန်းအလေးပြုမှုကို ကြည့်ရှုအားပေးစဉ်။

### တစ်မိနစ်ငြိမ်သက်

ဆက်လက်၍ ရုရှားကာကွယ်ရေးဝန်ကြီး Mr. Andrei Ramovich Belousov ရောက်ရှိပြီး အလေးပြုခြင်းကိုခံယူကာ စစ်ရေးပြတပ်ဖွဲ့အသီးသီးအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားရာ စစ်ရေးပြတပ်ဖွဲ့များမှ (Oora) (အောင်ပြီ) ဟု သုံးကြိမ် ကြွေးကြော်ကြသည်။ ထို့နောက် မဟာမျိုးချစ်စစ်ပွဲအတွင်း ကျဆုံးခဲ့သည့် သူရဲကောင်းများနှင့် ရုရှားနိုင်ငံအတွက် အသက်စွန့်ခဲ့ကြသည့် သူရဲကောင်းများအား အောက်မေ့ဖွယ်ဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ခန့် ငြိမ်သက်ကြသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စစ်သေနာပတိချုပ် H.E.Mr.Vladimir Vladimirovich Putin က မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုမိန့်ခွန်းပြောကြားသည်။ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ဖွဲ့များက (Oora) ဟု သုံးကြိမ် ကြွေးကြော်ကြပြီး စစ်တီးဝိုင်းတပ်ဖွဲ့က ရုရှားနိုင်ငံတော်သီချင်း တီးမှုတ်ခြင်းနှင့်အမြောက်များ ပစ်ဖောက်ဂုဏ်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

### လမ်းလျှောက်ချီတက်အလေးပြု

ဆက်လက်၍ ရုရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သည့် နိုင်ငံတကာမှ စစ်ရေးပြတပ်ဖွဲ့ဝင်များပါဝင်သည့် စစ်ရေးပြတပ်ဖွဲ့များက စစ်သေနာပတိချုပ်အား လမ်းလျှောက်ချီတက် အလေးပြုကြသည်။ ထို့နောက် တင့်၊ သံချပ်ကာ၊ အမြောက်၊ လေကြောင်းရန်၊ မဟာဗျူဟာမြောက် တိုက်ချင်းပစ်ဒုံးတပ်ဖွဲ့ စသည့်ယန္တရားတပ်ဖွဲ့များက ချီတက်အလေးပြု၍ လေတပ်မှ လေယာဉ်များဖြင့် ပျံသန်းအလေးပြုကြသည်။ ယင်းနောက် စစ်တီးဝိုင်းတပ်ဖွဲ့က ရုရှားအောင်ပွဲနေ့ အခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းအား သီဆို၍ ပြန်လည်ထွက်ခွာသည်။

အခမ်းအနားအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စစ်သေနာပတိချုပ် H.E. Mr. Vladimir Vladimirovich Putin က *စာမျက်နှာ ၄ သို့*






ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံတကာမှ အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နိုင်ငံတကာစစ်ရေးပြတပ်ဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များအား နှုတ်ဆက်သည်။

### လက်ပြနှုတ်ဆက်

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာမှအကြီးအကဲများ၊ တာဝန်ရှိသူများသည် ကရင်မလင် မြို့ရိုးအနီးရှိ အညတရစစ်သည်ဂူဗိမာန်သို့ သွားရောက်ကြပြီး မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား လက်ပြနှုတ်ဆက်ကြသည်။

### စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့်အတူ ကရင်မလင်နန်းမြို့ရိုးအနီးရှိ အညတရ စစ်သည်ဂူဗိမာန်သို့ ရောက်ရှိကြပြီး ပန်းစည်းချအလေးပြုကြသည်။ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများသည် ကရင်မလင်နန်းတော်ရှိ သမ္မတပူတင်၏ ရုံးအဆောက်အအုံသို့ရောက်ရှိကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာများကို အပြန်အလှန်ဆွေးနွေးဆောင်ရွက်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်မလင်မြို့ရိုးအနီးရှိ အညတရစစ်သည်ဂူဗိမာန်သို့ သွားရောက်စဉ်။

### ပထမဦးဆုံးအကြိမ် ပါဝင်ချီတက်

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ဖက်ဆစ်နာဇီ ဂျာမနီတို့၏ ကျူးကျော်မှုကို ခုခံတွန်းလှန်ရန် ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ် စစ်ပွဲကြီးအား ပါဝင်ဆင်နွှဲခဲ့ရကြောင်း၊ ထိုသို့ ပါဝင်ဆင်နွှဲပြီးနောက် ၁၉၄၅ ခုနှစ် မေလ ၉ ရက် နံနက်ပိုင်းတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပြုလုပ်သည့် နာဇီဂျာမနီတို့၏ လက်နက်ချကြောင်းသဘောတူစာချုပ် (German Instrument of Surrender) ကို ချုပ်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် ဒုတိယကမ္ဘာစစ်ကြီးသည် အပြီးတိုင် ချုပ်ငြိမ်းသွားခဲ့ကြောင်း၊ ၁၉၄၅ ခုနှစ် မေလ ၉ ရက် နံနက် ၂ နာရီခန့်တွင် ဆိုဗီယက်ပြည်ထောင်စုတွင် နေထိုင်ကြသောပြည်သူများသည် နာဇီဂျာမနီတို့၏ စစ်ရှုံးမှုကို သိရှိခဲ့ကြပြီး ယင်းနေ့ညနေပိုင်းတွင် မော်စကိုရင်ပြင်နီ၌ ဆိုဗီယက်ပြည်သူများသည် သီချင်းများသီဆိုခြင်း၊ တူရိယာများ တီးမှုတ်၍ ကခုန်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ထောင်ချီသော သေနတ်များအား မိုးပေါ်သို့ထောင်၍ ပစ်ခတ်မှုပေါင်း ၃၆ ချက်အား ပစ်ခတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး အောင်ပွဲနေ့ အခမ်းအနားအား ပျော်ရွှင်မြူးထူးစွာ ကခုန်၍ ကျင်းပခဲ့ကြကြောင်း၊ ထို့ကြောင့် ဆိုဗီယက်ပြည်ထောင်စုသည် မေလ ၉ ရက်ကို အများပြည်သူရုံးပိတ်ရက်၊ ဖက်ဆစ်နာဇီဂျာမနီတို့အား အောင်နိုင်ခဲ့သည့် အောင်ပွဲနေ့(Victory Day)အဖြစ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပြီးနောက် ၂၀၀၅ ခုနှစ် နှစ် (၆၀)မြောက် အောင်ပွဲနေ့ နှစ်ပတ်လည်အခမ်းအနားမှ စတင်၍ မေလ ၉ ရက် အောင်ပွဲနေ့(Victory Day) သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ လူကြိုက်အများဆုံးသော အခမ်းအနားနှင့် အားလပ်ရက်တစ်ခုဖြစ်လာခဲ့ပြီး ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် စစ်ရေးပြအခမ်းအနားများကိုလည်း ကျင်းပပြုလုပ်ကြကြောင်း၊ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ် စစ်ပွဲကြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် စစ်ရေးပြအခမ်းအနားများတွင် နိုင်ငံအသီးသီးမှ စစ်ရေးပြတပ်ဖွဲ့များအနေဖြင့် ပါဝင်ချီတက်လေ့ရှိကြကြောင်း၊ ယခုနှစ်တွင် ကျင်းပပြုလုပ်သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များသည်လည်း အခြားသောနိုင်ငံများမှ စစ်ရေးပြတပ်ဖွဲ့ဝင်များနှင့်အတူ ပထမဦးဆုံးအကြိမ်အဖြစ် ပါဝင်ချီတက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် ဇနီး ဒေါ်ကြူကြူလှသည် ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီး ဒေါ်နီလာ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မေစိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာသို့ သွားရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်အဗ္ဗရိယနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များ ဟောကြားတော်မူသည့်အနုမောဒနာတရားကို နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ Exhibition of Achievements of National Economy (VDNK) သို့ သွားရောက်လေ့လာ

နေပြည်တော် မေ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ Exhibition of Achievements of National Economy(VDNK) ကို သွားရောက်လေ့လာကြသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် Exhibition of Achievements of National Economy (VDNK) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များသည် မော်စကိုမြို့ အကွက်ချပုံစံငယ် တည်ဆောက်ခြင်း ပြခန်း၊ ခေတ်သစ် smart city တွင် အသုံးပြုမည့်နည်းပညာများ ပြခန်းနှင့် အခြားပြခန်းများအလိုက် စိတ်ဝင်တစား လိုက်လံကြည့်ရှုလေ့လာကြရာ ပြခန်းများအလိုက် ပြခန်းတာဝန်ခံများက ရှင်းလင်းပြသခဲ့ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေး

## ယနေ့တွေ့ဆုံမှုသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို များစွာအထောက်အကူဖြစ်စေသည့်အပြင် နှစ်နိုင်ငံအကြား နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်

နေပြည်တော် မေ ၉

ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁ - ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် Soluex Hotel Moscow ရှိ BEIJING ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

### တာဝန်ရှိသူများ တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒေါက်တာဘရွှေ ခွန်စံလွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့်အတူ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ ပေါလစ်ဗျူရို၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီရုံးအကြီးအကဲဖြစ်သူ Mr. CAI Qi၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံခြားရေးရာကော်မရှင်အကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီး Mr. WANG Yi၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆက်လက်ကူညီဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ဆုံးရှုံးရမှုများအတွက် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့အတူတကွ လက်တွဲ၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံး ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ပါကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း လိုအပ်သည်များကို ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ် - မြန်မာ ဆက်ဆံရေးသည် ယခုနှစ်တွင် ၇၅ နှစ်ရောက်ရှိပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးတို့ကို အမြဲထောက်ခံ အားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဆက်လက်ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

### အစဉ်အမြဲကျေးဇူးတင်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ဖြစ်ပေါ်ခဲ့မှုကြောင့် ခက်ခဲမှုများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည့်အချိန်၌ အဆွေတော်အနေဖြင့် မြန်မာပြည်သူလူထုနှင့်ထပ်တူ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ပြီး အမြန်ဆုံးကျော်ဖြတ် နိုင်ပါစေကြောင်းကို ဆုမွန်ကောင်း တောင်းပေးခဲ့ပါကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရေးအကြီးဆုံးအချိန်ဖြစ်သည့် (Golden Hour) တွင် တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ငလျင်လှုပ်ခတ်ပြီး ၁၈ နာရီအကြာ၌ မြန်မာနိုင်ငံသို့ ပထမဆုံး ရောက်ရှိလာခဲ့ပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးပေါ်လူသားချင်း စာနာထောက်ထားမှု အကူအညီများကိုလည်း ပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် တရုတ်နိုင်ငံအစိုးရ၏ ကူညီဆောင်ရွက်ပေးမှုများအပေါ် အစဉ်အမြဲကျေးဇူးတင် အမှတ်ရနေမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တရုတ်နိုင်ငံအနေဖြင့်လိုအပ်သည်များကို ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး မေတ္တာရပ်ခံလိုပါကြောင်း။

### နီးကပ်စွာဆက်လက်ပူးပေါင်း

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စများနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တစ်ရပ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် နိုင်ငံတကာမှ လေ့လာရေး

❖ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးတို့ကို အမြဲထောက်ခံအားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်

❖ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူပူအမျှ အနာဂတ်မျှဝေသော အသိုက်အဝန်း တစ်ခုကို တည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာလုပ်ငန်းများအတွက် အခြေခံအသစ်များ ဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံ

စာမျက်နှာ ၇ သို့

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ပုပ်ရဟန်းမင်းကြီးသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဗာတီကန်မြို့ပြနိုင်ငံ၏ ပုပ်ရဟန်းမင်းကြီး လီယို-၁၄ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

နေပြည်တော်

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်

## မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ဂါနာသမ္မတနိုင်ငံမှ သမ္မတက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက် (သောကြာနေ့) တွင် မြန်မာနိုင်ငံ၌ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အထူးဝမ်းနည်းကြေကွဲပါကြောင်း အဆွေတော်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံပြည်သူများအား ဂါနာသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ပြောကြားအပ်ပါသည်။

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးခဲ့ခြင်း၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ခြင်းနှင့် ပျက်စီးဆုံးရှုံးမှုကြီးမားစွာရှိခဲ့သည့်အတွက် အလွန်စိတ်မကောင်းဖြစ်ရပါသည်။ ကျန်ရစ်သူမိသားစုများ၊ ထိခိုက်ဒဏ်ရာရသူများအတွက် ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

ဤသို့ ခက်ခဲလှသည့်အချိန်တွင် ဂါနာနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူများနှင့်အတူ တစ်သားတည်းရှိနေပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံပြည်သူများ ကျန်းမာ၍ သာယာဝပြောပါစေကြောင်း လိုက်လှဲစွာ ဆုမွန်ကောင်းတောင်းလျက် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဂျွန် ဒရာမာနီ မာဟာမာ
ဂါနာသမ္မတနိုင်ငံသမ္မတ

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် မေ ၉

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

စာမျက်နှာ ၆ မှ


အဖွဲ့များကိုလည်း ဖိတ်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူပူအမျှ အနာဂတ်မျှဝေသော အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာ လုပ်ငန်းများအတွက် အခြေခံအသစ်များ ဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံပါကြောင်း၊ ယနေ့ တွေ့ဆုံမှုသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို များစွာအထောက်အကူ ဖြစ်စေသည့်အပြင် နှစ်နိုင်ငံအကြား နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက ဆွေးနွေးပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုတင်ပြင်ဆင်နေမှုများနှင့် ရွေးကောက်ပွဲအား အားပေးထောက်ခံလျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတို့သည် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မေ ၉

မြန်မာနိုင်ငံ၏ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ ကောင်စီဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးသို့ ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်သည်။ (ယာပုံ)



အစည်းအဝေးတွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Gan Kim Yong က အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက ၂၀၂၅ ခုနှစ် မေလ၌ အာဆီယံ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းညှိနှိုင်းမှုများ အပြီးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ကျန်ရှိသည့် အစားအစာနှင့်စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များအပေါ် ပို့ကုန်ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ ပြန်လည်ထုတ်လုပ်ထားသော ကုန်စည်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ အကောက်ခွန်များ ထပ်မံဖြေလျှော့ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စာချုပ်အာဏာသက်ဝင်ခြင်း ဆိုင်ရာနည်းလမ်းများအပေါ် လမ်းညွှန်မှုပေးခဲ့သည်။ ထို့ပြင် ဝန်ကြီးများက ပင်ရင်းဒေသ စည်းမျဉ်းဆိုင်ရာကိစ္စရပ်များနှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် ဒုတိယအခြေပြစာချုပ် ချုပ်ဆိုရေးအတွက်ဆောင်ရွက်မည့်အစီအစဉ်များအပေါ် ဆွေးနွေးညှိနှိုင်းကြသည်။

အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို ၂၀၂၅ ခုနှစ် မေလတွင် အပြီးသတ်ရန်နှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ အခြေပြစာချုပ်ကို ၂၀၂၅ ခုနှစ်အတွင်း လက်မှတ်ရေးထိုးရန် အာဆီယံနိုင်ငံများက ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

❒ စာမျက်နှာ ၂၄ မှ

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin က ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၁၉၄၁-၁၉၄၅) မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းနှင့် သမိုင်းကြောင်း ဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov က တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာသုံးဆောင်နေစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov တို့က အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ် ဇွန် ၂၂ ရက်တွင် ဖက်ဆစ်နာဇီတို့၏ ကျူးကျော်မှုကို ခုခံတွန်းလှန်ရန် ဆိုဗီယက်ပြည်ထောင်စု(ရုရှား)သည် (၁၉၄၁- ၁၉၄၅) မဟာမျိုးချစ်စစ်ပွဲကြီးကို ပါဝင်ဆင်နွှဲခဲ့ပြီး ၁၉၄၅ ခုနှစ် မေ ၈ ရက် ညဉ့်နက်ပိုင်း (မေ ၉ ရက် နံနက်၊ မော်စကိုစံတော်ချိန်)တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ပြုလုပ်သော ဖက်ဆစ်နာဇီတို့၏ လက်နက်ချကြောင်း သဘောတူညီမှုစာချုပ် (German Instrument of Surrender) ကို ချုပ်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် ဒုတိယကမ္ဘာစစ်ကြီးသည် အပြီးတိုင်ချုပ်ငြိမ်းခဲ့ကြောင်း၊ ဆိုဗီယက်ပြည်ထောင်စုသည် စာချုပ်အား လက်မှတ်ရေးထိုးခဲ့သည့် မေလ ၉ ရက်နေ့ကို ဖက်ဆစ်နာဇီတို့အား အောင်နိုင်ခဲ့သည့် အောင်ပွဲနေ့(VictoryDay)၊ အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မေ ၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှုများကြည့်ရှုစစ်ဆေး၍ (ယာပုံ) ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်သည်။**



ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်အတူ မုံရွာမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (အလုံ) သို့ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းသင်ကြားပို့ချနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ဘာသာရပ်များ သင်ကြားပို့ချပေးနေသည့် တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ၊ ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးချုပ်က စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး၊ စားသောက်နေထိုင်ရေး အသုံးပြုရန်အတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူတို့က လက်ခံရယူသည်။ ယင်းနောက် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ နေ့လယ်စာ ချက်ပြုတ်စားသောက်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မုံရွာမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ဆရာ ဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ဒုတိယဝန်ကြီးချုပ်က စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး၊ စားသောက်နေထိုင်ရေး အသုံးပြုရန်အတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူတို့က လက်ခံရယူသည်။

ထို့နောက် ဆရာ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ နေ့လယ်စာ စားသောက်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား အစားအစာချက်ပြုတ်ရာတွင် ကောင်းမွန်၍သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးတို့ကို အထူးအလေးထားဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်သူ့ဥယျာဉ်စီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး ယာယီနေရပ်စွန့်ခွာနေသူများကို အားပေးစကားပြောကြားကာ ယာယီနေရပ်စွန့်ခွာနေသူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၇၄၆ ဒသမ ၀၈ သန်းပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူသည်။

## အားပေးစကားပြောကြား

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ယာယီနေရပ်စွန့်ခွာနေသူများသို့ ထောက်ပံ့ငွေများ ပေးအပ်ရာ ယာယီနေရပ်စွန့်ခွာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဒုတိယဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာနေသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ပြန်လည်ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပါမောက္ခ၊ ဆရာ ဆရာမများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကိုယ်ပိုင်ကျောင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး စခန်းသွင်းသင်ကြားပို့ချနေသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စခန်းဝင် လေ့ကျင့်သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ သင်ကြားလေ့ကျင့်နိုင်ရန်အတွက် အုပ်ချုပ်မှုနှင့် ထောက်ပံ့မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မုံရွာတက္ကသိုလ်ပါမောက္ခချုပ်တို့က ကျောင်းသား ကျောင်းသူများအား စခန်းသွင်းသင်ကြားပို့ချပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က တက္ကသိုလ်ဝင်တန်းဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့် ဝင်ရောက်ဖြေဆိုနိုင်ရေးနှင့် တာဝန်ရှိသူများက Campဝင်ကျောင်းသားကျောင်းသူများနှင့် စဉ်ဆက်မပြတ်ထိတွေ့ပြီး လိုအပ်သည်များကူညီပံ့ပိုးပေးရေးတို့ကို မှာကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသူများ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်များနှင့် ကိုယ်ပိုင်ကျောင်းတို့မှ တာဝန်ရှိသူများက စခန်းသွင်းလေ့ကျင့်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရန် နိုင်ငံတော်မှ အုပ်ချုပ်ထောက်ပံ့မှုကိစ္စများအတွက် ပံ့ပိုးဆောင်ရွက်ပေးထားမှုအခြေအနေ၊ စခန်းသွင်းလေ့ကျင့်ရေးစခန်းများတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေး၊ လျှပ်စစ်မီး စဉ်ဆက်မပြတ်ရရှိရေး၊ အစားအစာများ ချက်ပြုတ်ရာတွင် ကောင်းမွန်ပြီး ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေး ဆောင်ရွက်ရန်၊ Camp များတွင် လုံခြုံရေးအထူးဂရုပြုရန်နှင့် စီမံချက်ပါအတိုင်း ဆောင်ရွက်စေရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့်ရုံးများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေး

မန္တလေး မေ ၉

**ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့်ရုံးများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။**



ပထမဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၁)၊ ဘဏ်ခွဲ (၂) နှင့် ဘဏ်ခွဲ (၃)၊ မန္တလေးတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဗဟိုစာရင်းအင်းအဖွဲ့ရုံးများသို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ကြည့်ရှုစစ်ဆေးကာ ပြုပြင်နိုင်ရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ ပျော်ဘွယ်မြို့ မြန်မာ့စီးပွားရေးဘဏ်နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံး၊ ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့သွားရောက်ကြည့်ရှုစစ်ဆေးကာ ခရီးစဉ်တစ်လျှောက်ရှိ ရုံးများမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ မိမိတို့၏ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရေး၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ အထက်အောက် အဆင့်ဆင့် ထိတွေ့ပြီး တွေ့ကြုံနေရသော အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ရေး၊ နိုင်ငံတော်က ဝန်ထမ်းများအပေါ်ထားရှိသည့် စိတ်စေတနာများကို ဝန်ထမ်းတိုင်း သဘောပေါက်နားလည်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် ဂုဏ်ယူစွာ တာဝန်ထမ်းဆောင်ကြရေးတို့ကို မှာကြားသည်။ ယင်းနောက် ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။

စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ခံရုံး၊ ဌာနများအနေဖြင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အမြန်ပြုပြင်ခြင်း၊ အကြီးစားပြုပြင်မှုများကို စနစ်တကျ ဆက်လက်ဆောင်ရွက်ရန် ပြင်ဆင်ခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး မိမိတို့၏ မူလတာဝန်များနှင့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းများအပါအဝင် ပြည်သူအကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မန္တလေးတိုင်းဒေသကြီးရှိ ကျောင်းများတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး

နေပြည်တော် မေ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်-အခြေခံပညာ အထက်တန်းကျောင်း၊ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ သဲတော-အခြေခံပညာအထက်တန်းကျောင်း အောင်သိပ္ပခန်းမနှင့် မိတ္ထီလာမြို့ ကန်တော် မင်္ဂလာခန်းမတို့တွင် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများ၊ အခြေခံပညာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ ယင်းတော်အခြေခံပညာအထက်ကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရမည်းသင်းမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းခန်းမတို့တွင် စခန်းသွင်းသင်ကြားလေ့ကျင့်လျက်ရှိသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများ၊ အခြေခံပညာ ဆရာ ဆရာမများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးဒဏ်ကြောင့် ပြန်လည်ရုန်းထရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ Grade-12 စာမေးပွဲအား ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန်အတွက် အခွင့်အလမ်းတစ်ရပ်အဖြစ်မှတ်ယူကာ ကြိုးစားဆောင်ရွက်နေမှုကို အသိအမှတ်ပြုချီးကျူးပါကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် မလျှော့သော ဇွဲ၊ လုံ့လတို့ဖြင့် ကြုံတွေ့လာရသည့် အခက်အခဲကို ရင်ဆိုင်ကျော်လွှားပြီး လက်ရှိစာသင်ကြားနေသည့် အချိန်ဇယားအလိုက် စာမေးပွဲဖြေဆိုရန် ၃၇ ရက်သာလိုသည့်အချိန်တွင် ဘာသာရပ်အလိုက် စနစ်တကျတွက်ချက်ပြီး တန်ဖိုးထား ကြိုးစားခြင်းဖြင့် ပိုမိုအောင်မြင်မှုများ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မန္တလေးတစ်တိုင်းလုံးအနေဖြင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ အင်အား၏ ၉၄ ရာခိုင်နှုန်းနှင့် မိတ္ထီလာခရိုင်အတွင်း ၉၀ ရာခိုင်နှုန်းခန့် တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ကျန်ရှိနေသော အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း အမြန်ဆုံး ရောက်ရှိပညာသင်ကြားနိုင်ရေး ကူညီဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရန် သင်ကြားကြပ်မတ်ပေးသည့် ဆရာ ဆရာမများ၊ မိဘများ၊ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအားလုံးကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် ရရှိသည့်အချိန်အတွင်း မဆုတ်မနစ်ကြိုးစားအားထုတ်ပြီး ဘဝရည်မှန်းချက်ပန်းတိုင်အသီးသီးသို့ အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ နေထိုင်သင်ကြားနိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ ဆရာမများ၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အစဉ်ပြေချောမွေ့စေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်မူလတန်းကြိုကျောင်း စတင်ဖွင့်လှစ် သင်ကြား



**ဆင်ပေါင်ဝဲ မေ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်ကျေးရွာ လူမှုဝန်ထမ်းဦးစီးဌာန၏ ကိုးပင် မူလတန်းကြိုကျောင်းကို မေလ ပထမပတ်က ဆရာ၊ ဆရာမများဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ကိုးပင် မူလတန်းကြိုကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ၄၃ ဦး လာရောက်အပ်နှံထားပြီး ကလေးငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှု၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန်အတွက် ကစားနည်းဖြင့် သင်ကြားခြင်း၊ တေးဂီတနည်းဖြင့် သင်ကြားခြင်း၊ အခြေခံပန်းချီနည်းဖြင့် သင်ကြားခြင်း၊ လက်မှုပညာနည်းဖြင့် သင်ကြားခြင်း စသည့် နည်းပညာများဖြင့် ဆရာ၊ ဆရာမများက ကလေးငယ်များကို စိတ်ပျော်ရွှင်မှုများစွာဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များ ပါဝင်တက်ရောက်ဂုဏ်ပြု



ဒုတိယဗိုလ်မှူးကြီးဝင်းထက်မင်း



တပ်ကြပ် ကျော်စွာထွန်း



ဒုတိယတပ်ကြပ် ရန်နိုင်ဝင်း



တပ်သား အာကာဇင်



ဗိုလ်မှူးချုပ် မျိုးဆက်အောင်

နေပြည်တော် မေ ၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၉၄၁-၁၉၄၅) မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပပြုလုပ်ရာ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲအထိမ်းအမှတ် အဖြစ် စစ်ရေးပြအခမ်းအနားများဖြင့် ချီတက်ဂုဏ်ပြုကြသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံအသီးသီးမှ စစ်ရေးပြတပ်ဖွဲ့များ ပါဝင်ချီတက် ဂုဏ်ပြုကြပြီး ယခုနှစ်တွင် ကျင်းပပြုလုပ်သည့် (၁၉၄၁-၁၉၄၅) မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များသည်လည်း အခြားသောနိုင်ငံများမှ စစ်ရေးပြတပ်ဖွဲ့ဝင်များနှင့်အတူ ပထမဦးဆုံးအကြိမ်အဖြစ် ပါဝင်ချီတက်ခဲ့ကြသည်။

အဆိုပါအခမ်းအနား၌ ပါဝင်ချီတက် ဂုဏ်ပြုပေးကြသည့် မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များ၏ ဂုဏ်ပြုစကားသံများကို ယခုလိုပဲ ကြားသိရပါသည် -

**ဒုတိယဗိုလ်မှူးကြီး ဝင်းထက်မင်း**

ကျွန်တော်တို့ နှစ်(၈၀)ပြည့် မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ ရုရှားနိုင်ငံမှာ ကျင်းပမယ့် စစ်ရေးပြ အခမ်းအနားကြီးကိုလာဖို့အတွက် ကျွန်တော်တို့ မြန်မာ့တပ်မတော်က အရာရှိ၊ စစ်သည် အင်အား စုစုပေါင်း ၁၀၀ နဲ့ စတင်စုဖွဲ့ခဲ့ပါတယ်။ အင်အား ၁၀၀ ထဲမှာမှ စစ်သည်တစ်ဦးချင်းစီရဲ့ ကြံ့ခိုင်ရေး၊ ကျန်းမာရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်ဒါတွေကို အသေးစိတ်စိစစ် ဆန်ခါတင်ရွေးချယ်ပြီးမှ မြန်မာနိုင်ငံကိုယ်စားပြု စစ်ရေးပြတပ်ခွဲကို ရုရှားနိုင်ငံကို စေလွှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ကြိုတင်လေ့ကျင့်ပြင်ဆင်မှုအပိုင်းမှာ အခက်အခဲတွေ မရှိပါဘူး။ ကျွန်တော်တို့ စတင်စုဖွဲ့စဉ် အချိန်ကတည်းက အကောင်းဆုံးလေ့ကျင့်ခဲ့ပါတယ်။ အထက်အကြီးအကဲများရဲ့ ညွှန်ကြားချက်နဲ့အညီလည်း အကောင်းဆုံး လေ့ကျင့်နိုင်ခဲ့ပါတယ်။ သေချာစုဖွဲ့ လေ့ကျင့်ပြင်ဆင်ပြီးမှ ရုရှားနိုင်ငံကို ရောက်လာခြင်းဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံအတွက် အသက်စွန့်ကာကွယ်သွားကြတဲ့ တပ်မတော်သားတိုင်း၊ နိုင်ငံသားတိုင်းကို သူတို့ရဲ့အဖိုးမဖြတ်နိုင်တဲ့ ပေးဆပ်မှု၊ စွန့်လွှတ်အနစ်နာခံမှုအတွက် မှတ်တမ်းတင်၊ မှတ်ကျောက်တင်ခံသင့်တဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ရဲ့ အဆိုးရွားဆုံးအချိန်ကာလတွေမှာတောင်မှ ကိုယ့်အသက်ကို ပဓာနမထားဘဲနဲ့ မိမိတိုင်းပြည်၊ မိမိနိုင်ငံအတွက် တာဝန်သိစိတ်၊ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နဲ့ ဂုဏ်သိက္ခာတို့နဲ့ ကာကွယ်သွားကြတဲ့ တပ်မတော်သား၊ နိုင်ငံသားတိုင်းကို သမိုင်းမှာ အမြဲတမ်းအမှတ်ရနေမှာဖြစ်ပါတယ်။ အခုလို ရုရှားနိုင်ငံအထိလာရောက်ပြီး မြန်မာနိုင်ငံ ကိုယ်စားပြုစစ်ရေးပြတပ်ခွဲမှာ ပါဝင်ခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အများကြီးဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်တစ်ယောက်တည်းတင်မကဘူး မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံသူ၊ နိုင်ငံသားတိုင်း ဝမ်းသာဂုဏ်ယူသင့်တဲ့ အခိုက်အတန့်တစ်ခုလို့ မြင်မိပါတယ်။ ကမ္ဘာ့အဆင့် စစ်ရေးပြအခမ်းအနားကြီးမှာ ကျွန်တော်တို့ မြန်မာ့တပ်မတော်ရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်၊ ဂုဏ်သိက္ခာတို့ကို ပြသနိုင်ဖို့အတွက် ပေးအပ်တဲ့ တာဝန်ကို အစွမ်းကုန်ကျေပွန်အောင် ဆောင်ရွက်သွားမယ်လို့လည်း ကျွန်တော်ပြောချင်ပါတယ်။

**တပ်ကြပ် ကျော်စွာထွန်း**

နှစ်(၈၀) ပြည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ စစ်ရေးပြအခမ်းအနားမှာ တက်ခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အလွန်ပဲဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ စစ်သားဘဝတစ်လျှောက်လုံးမှာလည်း ဂုဏ်ယူစရာ အဖြစ်အပျက်တစ်ခုအဖြစ် မှတ်ထင်မိပါတယ်။ လေ့ကျင့်နေစဉ် အတွေ့အကြုံတွေကတော့ မိတ်ဖက်နိုင်ငံ တပ်မတော်တွေရဲ့ စစ်ရေးပြပုံစံတွေကို ကျွန်တော်တို့ လေ့လာခွင့်ရခဲ့ပါတယ်။ မိတ်ဖက်နိုင်ငံတွေနဲ့ အတူနေရတဲ့အတွက် မိတ်ဆွေကောင်းများလည်း ရရှိလာပါတယ်။ အခုလို ရုရှားနိုင်ငံရဲ့ စစ်ရေးပြအခမ်းအနားမှာ ပါဝင်ချီတက်ခွင့်ရအောင် ဆောင်ရွက်ပေးခဲ့တဲ့ ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲနဲ့တကွ တပ်မတော်အကြီးအကဲများ၊ ဌာနဆိုင်ရာအကြီးအကဲများအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ကို ဒီစစ်ရေးပြအခမ်းအနား ဖြစ်မြောက်အောင် ကူညီပေးတဲ့ ကျွန်တော်တို့ကို သင်ပေးတဲ့ နည်းပြအရာရှိများ၊ အုပ်ချုပ်သူအရာရှိများအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်လို့ ပြောချင်ပါတယ်။

**ဒုတိယတပ်ကြပ်ရန်နိုင်ဝင်း**

မေလ ၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အခမ်းအနားမှာ ကျွန်တော့်အနေနဲ့ မြန်မာ့တပ်မတော်ကိုယ်စား ပါဝင်ချီတက်ခွင့်ရတဲ့အတွက် တပ်မတော်ဂုဏ်ပြုတပ်ခွဲနဲ့ စစ်တီးဝိုင်းတပ်ကိုယ်စား များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားလိုပါတယ်။ မိတ်ဖက်နိုင်ငံတွေနဲ့ စစ်ရေးပြ ယှဉ်တွဲလေ့ကျင့်ရတဲ့အတွက် စစ်ရေးပြအတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။ မိတ်ဖက်နိုင်ငံတွေရဲ့ စစ်ရေးပြစွမ်းရည်၊ နိုင်ငံကြီးတွေရဲ့ စစ်ရေးပြစွမ်းရည်ကိုလည်း လေ့လာခွင့်ရရှိခဲ့ပါတယ်။ အခုလို ပါဝင်ချီတက်ခွင့်ရအောင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သော နိုင်ငံအကြီးအကဲများကိုလည်း အထူးပင် ကျေးဇူးတင်ရှိကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။


**တပ်သား အာကာဇင်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်(၈၀)ပြည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ စစ်ရေးပြအခမ်းအနားမှာ ပါဝင်ချီတက်ခွင့်ရတဲ့အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ စစ်ရေးပြအခမ်းအနားမှာ မိတ်ဖက်နိုင်ငံတွေနဲ့ စစ်ရေးပြယှဉ်တွဲလေ့ကျင့်ရတဲ့ အတွက် မိတ်ဖက်နိုင်ငံတွေရဲ့ စစ်ရေးပြအတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။ မိတ်ဖက်နိုင်ငံများမှ တပ်ဖွဲ့ဝင်အသီးသီးတို့နဲ့လည်း ခင်မင်ကျွမ်းဝင်ခွင့်ရပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်(၈၀)ပြည့် မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ စစ်ရေးပြအခမ်းအနားမှာ ပါဝင်ချီတက်ခွင့်ရအောင် စီစဉ်ပေးခဲ့တဲ့ အထက်အကြီးအကဲများ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**ဗိုလ်မှူးချုပ် မျိုးဆက်အောင်**

၂၀၂၅ ခုနှစ် မတ်လဆန်းမှာ နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံစဉ်ကာလမှာ ရုရှားသမ္မတကြီး ဗလာဒီမာပူတင်အနေနဲ့ ရုရှားနိုင်ငံရဲ့ နှစ်(၈၀) ပြည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ အခမ်းအနားမှာ ကျွန်တော်တို့နိုင်ငံရဲ့ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက်ဖို့နဲ့ မြန်မာ့တပ်မတော် ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲတစ်ခွဲ ပါဝင်ချီတက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့နိုင်ငံအတွက် များစွာဂုဏ်ယူမိပါတယ်။ ဒီထက်မက ပိုပြီးတော့ ဂုဏ်ယူ ကျေနပ်စရာကတော့ မြန်မာနိုင်ငံဟာ ရုရှားနိုင်ငံအတွက် အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ယုံကြည်စိတ်ချရဆုံး နိုင်ငံဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့နိုင်ငံအတွက် များစွာ ကျေနပ် ဂုဏ်ယူမိပါကြောင်းနဲ့ ယခုလို အသိအမှတ်ပြုပြောကြားပေးတဲ့ ရုရှားသမ္မတကြီး မစ္စတာဗလာဒီမာပူတင်ကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၈ ခုနှစ် မတ်လ ၁၈ ရက်နေ့မှာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို စတင်ဆောင်ရွက်ခဲ့တာ ယခုဆိုရင် ၇၇ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ကာလကြာရှည်နက်ရှိုင်းတဲ့ မဟာဗျူဟာဆက်ဆံရေး တည်ရှိသလို ရုရှားနိုင်ငံအတွက် မြန်မာနိုင်ငံဟာလည်း အရေးပါတဲ့နိုင်ငံတစ်ခုအဖြစ် ရုရှားနိုင်ငံက အသိအမှတ်ပြုထားတာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်လည်း ကျွန်တော်တို့ မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတစ်ခွဲဟာ ရုရှားနိုင်ငံရဲ့ အထွတ်အမြတ်ဖြစ်တဲ့ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အခမ်းအနားမှာ ပါဝင်ချီတက်ဖို့အတွက် ဖိတ်ကြားခြင်းခံရတာဖြစ်ပါတယ်။ ဒီအချက်တွေကို ကြည့်ချင်းအားဖြင့် ကျွန်တော်တို့နှစ်နိုင်ငံရဲ့ ဆက်ဆံရေးဟာ ကာလကြာရှည် အခွန့်ရှည်ခဲ့ရုံသာမက နောင်မှာလည်း ယခုထက်ပိုပြီးတော့ အခွန့်ရှည်တည်တံ့ခိုင်မြဲသွားမှာ ဖြစ်ကြောင်း ယုံကြည်ပါတယ်။

သတင်းစဉ်



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း၊ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ စောင့်ရှောက်ရေးစခန်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ဒဏ်ရာရမိသားစုများအတွက် ငွေကျပ် ၂၉၅၃၀၀၀၀၊ အာဆီယံလူသားချင်းစာနာထောက်ထားမှုကူညီရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Center) က မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးဝေနေမှုများနှင့် အပြင်းအထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ရန်နိုင်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ကျောင်းပရဝဏ် သန့်ရှင်းသာယာလှပရေး၊ စည်းကမ်းစနစ်တကျရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ကျောင်းအုတ်တံတိုင်းများ ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးနှင့် တိုးချဲ့ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုတို့အတွက် ကျောင်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ဝန်ထမ်းအိမ်ရာအဆောက်အအုံများ အကြီးစားပြင်ဆင်နေမှုနှင့် ယာယီအဆောက်အအုံဆောက်လုပ်နေမှုများ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများ၊ သောတပန်ရပ်ကွက်ရှိ ဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အဆောက်အအုံများ၊ ပါရမီရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပါရမီရပ်ကွက်ရှိ လူနေအဆောက်အအုံများအား စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ လက်ခံ/ထုပ်ပိုးရေးဌာနသို့ သွားရောက်ကာ ကူညီကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ပိုးတန်းရပ်ကွက်ရှိ အိမ်တော်ရာကျောက်စေတီအောင်မြေလောကစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိက အဆောက်အအုံများကို ရှင်းလင်းဖယ်ရှားနေမှုများနှင့် မင်းလမ်းရပ်ကွက်ရှိ လူနေအဆောက်အအုံများနှင့် မိုးဇာရပ်ကွက်အတွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ရေပေးဝေရေးစက်ရုံကို ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံမှ ဧရာဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**ဌာပနာပစ္စည်းများအား စနစ်တကျထားရှိ**

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ယောမင်းကြီးအုတ်ကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ယောမင်းကြီးအုတ်ကျောင်း၊ အမရပူရမြို့နယ်ရှိ ဘကြီးတော်ဂူဘုရား၊ မာန်အောင်ရတနာ မဟာဗောဓိဆုတောင်းပြည့်မြတ်စွာဘုရားနေရာများ၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံအပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များ၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆရာတော်ကြီးများအား အလှူငွေများပေးအပ်လှူဒါန်းသည်။ ထို့ပြင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများမှ အပျက်အစီးများရှင်းလင်းစဉ် ပြန်လည်သိမ်းဆည်း တွေ့ရှိရသော ဌာပနာပစ္စည်းများအား စနစ်တကျထားရှိထိန်းသိမ်းရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း (ဒိုဘီကုန်း) ၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ တာဝန်ရှိသူများအား လက်ရှိလိုအပ်နေသော ယာယီကျောင်းဆောင်အား အမြန်ဆုံးဆောက်လုပ်ပေးနိုင်ရေး မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**တွေ့ဆုံအားပေးစကားပြောကြား**

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ် လေဆိပ်အဟောင်းနေရာ၌ ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ငလျင်ဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ကာ သန့်ရှင်းသော သောက်ရေသုံးရေဖူလုံစွာရရှိရေး စနစ်တကျစီစဉ်ဆောင်ရွက်ပေးရန်၊ ကူးစက်ရောဂါများမဖြစ်ပွားစေရေး၊ အမှိုက်များကိုစွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ သန့်စင်ခန်းများအား လူဦးရေအချိုးအစားအလိုက် တည်ဆောက်ပေးပြီး ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့အား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ရှိ ဌာနဆိုင်ရာရုံးများဖြစ်သော ခရိုင်ပို့ဆောင်ဆက်သွယ်ရေး စီမံကိန်းဦးစီးဌာနရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းရုံး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး၊ ခရိုင်/မြို့နယ်စာရင်းစစ်ရုံး၊ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေး (ဘေးမခအထွေထွေရောဂါကုဆေးခန်း)တို့ရှိ အဆောက်အအုံပျက်စီးမှုအခြေအနေများ၊ ရုံးလုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြရာ လမ်းညွှန်မှုခံယူသွားရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ မက်သဒစ်အသင်းတော် ဘုရားကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများကို ရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်ဆုံးရှုံးမှုမရှိစေဘဲ စနစ်တကျရှင်းလင်းဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်မီးကြိုးများအား စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ထိခိုက်မှုမရှိစေရေးနှင့် အပျက်အစီးများအား အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့ကိုမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့်

*စာမျက်နှာ ၁၂ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီဘုန်းကြီးကျောင်း၌ ဖွင့်လှစ်ထားသော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန(ယာယီ) ရုံးတွင် ငလျင်ဒဏ်ကြောင့် ပျက်စီး/ပျောက်ဆုံးခဲ့သော နိုင်ငံသားမှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများအား ပြန်လည်ပြုလုပ်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၁၁ မှ

ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အချိန်အထိ အဆောက်အအုံ ၆၈၆၁ လုံးကို စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၆၅၄၄ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၃၁၇ လုံးမှ အဆောက်အအုံ ၂၈၇ လုံးကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကာ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ အလုံး ၃၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ခရိုင်)ရုံး၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံမှ ဌာနပိုင်ပစ္စည်းများအား ယာယီရုံးဖွင့်လှစ်မည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ ပျက်စီးသွားသော အဆောက်အအုံများမှ အရေးကြီးစာရွက်စာတမ်းများနှင့် ဌာနပိုင်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်၊ ပြင်ဆင်အသုံးပြုနိုင်မည့်ပစ္စည်းများကိုလည်း စနစ်တကျပြင်ဆင်သုံးစွဲသွားရန်နှင့် အဆောက်အအုံပျက်စီးဆုံးရှုံးမှုများအား သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အမြန်ဆုံးတင်ပြ၍ လမ်းညွှန်မှုခံယူသွားရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီဘုန်းကြီးကျောင်း၌ ဖွင့်လှစ်ထားသော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန(ယာယီ)ရုံး၌ ငလျင်ဒဏ်ကြောင့် ပျက်စီး/ပျောက်ဆုံးခဲ့သော နိုင်ငံသား မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများအား ပြန်လည်ပြုလုပ်ဆောင်ရွက်ပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုပေးလျက်ရှိသော မလေးရှားနိုင်ငံအခြေစိုက် MERCY Malaysia' Humanitarian Association အဖွဲ့မှ Mrs.Masniza ဦးဆောင်သော ဆေးကုသရေးအဖွဲ့၏ ကျောက်ဆည်ခရိုင်အတွင်းရှိ ဆေးကုသမှုခံယူရန် ရောက်ရှိနေသော လူနာများအား ဆေးကုသဆောင်ရွက်ပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုသည်။ အဆိုပါ မလေးရှားနိုင်ငံအခြေစိုက် MERCY Malaysia' Humanitarian Association အဖွဲ့သည် ဧပြီ ၃၀ ရက်မှစတင်ကာ ဆေးကုသမှုများပြုလုပ်ခဲ့ပြီး မေ ၉ ရက်တွင် မလေးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ရာ ၎င်းဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ဆင္ဍမမြောက်နေ့အဖြစ် ပြည်သူများ၏လက်ဝယ်သို့ ဆက်လက်ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပိုက်လိုင်းများ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် စက်ရုံအခြေအနေကို ကွင်းဆင်းကြည့်ရှု





**မန္တလေး မေ ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းဝင်းနှင့် တာဝန်ရှိသူများလိုက်ပါကာ ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် ရွှေခဲကျေးရွာအနီး ကမ်းနားလမ်းမကြီးအရှေ့ဘက်ခြမ်းရှိ ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံသို့ ရောက်ရှိကြပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပိုက်လိုင်းများ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် စက်ရုံအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်အား ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူးက ငလျင်ဒဏ်ကြောင့် ရေနှင့်သန့်ရှင်းမှုဌာန၏ ရေတွန်းစက်ရုံများ ထိခိုက်ပျက်စီးခဲ့မှုများကို အများပြည်သူများနှင့် သက်ဆိုင်သည့် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်း အဓိကဦးစားပေး၍ ရေတွန်းစက်ရုံများ ပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပြီးဖြစ်၍ ယခုအခါ မိုးရေစွန့်ထုတ်စက်ရုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မိုးရေစွန့်ထုတ်စက်ရုံများကို မိုးရာသီကာလအမီ ပြုပြင်ပြီးစီးရေးနှင့် စက်များ အမြဲတမ်းကြံ့ခိုင်မှုကောင်းမွန်နေအောင် နေ့စဉ်ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို ဖြည့်စွက်မှာကြားခဲ့ပြီး ပြန်လည်ပြုပြင်ရန် လိုအပ်နေသေးသည့် အချင်း(၄)ပေရှိ ရေဆိုးထုတ်ပြွန် (၄)ချောင်း၏ ပိုက်လိုင်းများပြုပြင်ဆောင်ရွက်နေမှုနှင့် စက်ရုံအတွင်း ရေစုပ်ပန့်များ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ရွှေခဲ မိုးရေစွန့်ထုတ်စက်ရုံသည် မိုးရာသီတွင် တစ်နာရီလျှင် ရေဂါလန်(၁ ဒသမ ၅)သန်း စွန့်ထုတ်နိုင်သည့် ရေစုပ်ပန့်(၄)လုံး တပ်ဆင်ထားပြီး တစ်ရက်လျှင် မိုးရေဂါလန် သန်း(၉၀)အထိ စွန့်ထုတ်နိုင်သည့် စက်ရုံတစ်ခုဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ငလျင်ဘေးဒဏ်သင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်း ၃၀၀ ဦးတို့အား မြန်မာပိုးထည်အင်တာပရိုက်ကုမ္ပဏီလီမိတက် မိသားစုက ငွေကျပ် သိန်း ၃၀၀ လှူဒါန်း

**မန္တလေး မေ ၉**

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် သဘာဝငလျင်ဘေးဒဏ်သင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ (အမြဲတမ်း)ဝန်ထမ်း ၃၀၀ ဦးတို့အား အလှူရှင် "မြန်မာပိုးထည်အင်တာပရိုက်ကုမ္ပဏီလီမိတက်" မိသားစုက ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၃၀၀ ကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်း ယာယီကွပ်ကဲရေးရုံးရှေ့၌ အလှူရှင်မိသားစုက ဝန်ထမ်းတစ်ဦးချင်းစီအလိုက် လက်ဝယ်အရောက် ပေးအပ်လှူဒါန်းရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းနှင့် ဌာနမှူးများ၊ အရာထမ်းများ တက်ရောက်ခဲ့ပြီး ယခုကဲ့သို့ ထောက်ပံ့ကူညီလှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားကာ တွဲဖက်အတွင်းရေးမှူးက အလှူရှင်မိသားစုထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀




## လှိုင်လင်မြို့တွင် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကျင်းပ

**လှိုင်လင် မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင်မြို့တွင် မေ ၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မေ ၈ ရက် နံနက် ၁၀ နာရီက လှိုင်လင်မြို့ တိုင်းရင်းသားနှစ်ခြင်းအသင်းတော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌထံမှ ပေးပို့သည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သဝဏ်လွှာအား ခရိုင်ကြက်ခြေနီအသင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုး က ဖတ်ကြားသည်။ ထို့နောက် မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်စံညွန့်က မြို့နယ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းကာလအတွင်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ပေးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီး ဆုများချီးမြှင့်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို "လူသားချင်း စာနာထောက်ထား တို့ကြက်ခြေနီများ" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

# သဘာဝဘေးအန္တရာယ်ငလျင်ဒဏ်ခံရသော ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူရှင်များက လှူဒါန်းလျက်ရှိ



**မန္တလေး မေ ၉**

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် သဘာဝဘေးအန္တရာယ် (ငလျင်)ဒဏ်ခံရသော ပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူရှင်များက လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရှစ်ထပ်ဆောင် ခန်းမတွင် အလှူရှင် ကောင်းစုစ်ကုမ္ပဏီလီမိတက်(Asia Success Gas Station) မိသားစုက ငလျင်ဘေးသင့် စည်ပင်သာယာ ဝန်ထမ်းမိသားစုအား လိုအပ်သည့် စားသုံးကုန်ပစ္စည်းများ ဝယ်ယူထောက်ပံ့ပေးနိုင်ရန်အတွက် အလှူငွေကျပ် သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် ကော်မတီဝင်များက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# မောက်မယ်ဒေသထွက် သဘာဝလိုင်ချီးသီးများ လှိုင်လှိုင်ပေါ်၍ အပိုဝင်ငွေရ

**မောက်မယ် မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ ဒေသထွက်သဘာဝလိုင်ချီးသီးများ မေလအတွင်း လှိုင်လှိုင်ပေါ်ထွက်ရှိလာတော့မည်ဖြစ်သဖြင့် လိုင်ချီးသီးဈေးနှုန်းမှာ ယခင်နှစ်တွင် တစ်ပိဿာ ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ဈေးဖွင့်ပြီး ယခုနှစ်တွင် ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ အထိ ဈေးဖွင့်ထားကြောင်း ဒေသခံတောင်သူများက ပြောသည်။

လိုင်ချီးသီးသည် အရည်ရွှမ်းသော အသီးဖြစ်ပြီး ကယ်(လ်)စီယမ်များစွာ ပါဝင်သောကြောင့် အေး၍ ချိုမြသော အရသာနှင့် အချဉ်ဓာတ် အနည်းငယ်သာပါရှိသဖြင့် လူတိုင်းကျန်းမာရေးနှင့် ညီညွတ်ပြီး ဆေးဖက်ဝင်သည့် အာဟာရဓာတ်များပါသော မောက်မယ်ဒေသထွက် သဘာဝလိုင်ချီးသီးများကို မေလနောက်ဆုံးပတ်အတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းဝယ်တော့မည် ဖြစ်သည်။

ဒေသခံတောင်သူများအနေဖြင့် ရာသီသီးနှံစိုက်ပျိုးမည့်အစား နှစ်ရှည်ပင်သီးနှံများဖြစ်သည့် ရှောက်ချို၊ လိမ္မော်၊ သံပရာ၊ လိုင်ချီး၊ သရက် စသည့်သီးနှံများ ဈေးနှုန်းကောင်းစွာရရှိသဖြင့် ရေကောင်းစွာရရှိသော ဥယျာဉ်ခြံမြေများ၌ တွင်တွင်ကျယ်ကျယ် ပိုမိုစိုက်ပျိုးထားကြောင်း၊ ဒေသခံများက တစ်ပိုင်တစ်နိုင် မိသားစုအိမ်ခြံဝင်းအတွင်း အရိပ်ရစိုက်ပျိုးထားသည့် လိုင်ချီးပင်များမှ အသီးများ လှိုင်လှိုင်ပေါ်၍ ဆွတ်ခူးပြီး ထမ်းတောင်းတွင်ထည့်ကာ လှည့်လည်ရောင်းချကြသည်မှာ ဒေသခံရှမ်းတိုင်းရင်းသားတို့၏ ဘိုးဘွားစဉ်ဆက်မိရိုးဖလာဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Talk Show ဆောင်ရွက်

**သရက် မေ ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Talk Show ဆောင်ရွက်ခြင်းကို မေ ၇ ရက် မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်ဖြိုးအောင်တို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်၊ ယခုနှစ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ အဓိကဆောင်ပုဒ်ရဲ့ ရည်ရွယ်ချက်များ၊ ၂၀၂၅ ခုနှစ် ဆောင်ပုဒ်ဖြစ်တဲ့ ပလတ်စတစ်အကြောင်းနှင့် ပလတ်စတစ်ပစ္စည်းတွေ၏ ဆိုးကျိုးတွေက ဘာလဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး လုပ်ရှားဆောင်ရွက်မှုတွေကို ယခုလို ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**ဇော်ထက်(သရက်)**




သင့်သွေးဖြင့်
အသက်
ကယ်ပါ။

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် ဆီစက်များ ရာနှုန်းပြည့် လည်ပတ်နေ

**မန္တလေး မေ ၉**

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် ဆီ စက်များ ပြန်လည်ပြင်ဆင်ပြီး ရာနှုန်းပြည့် လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးမှုရှိခဲ့သည့် ဆီစက်အလုံးကြီး၊ ငယ် ၃၀ ကျော်ရှိခဲ့ရာ မေလ ဆန်းပိုင်းတွင် အလုံးစုံရာနှုန်းပြည့် လည်ပတ်နေပြီဖြစ်ကြောင်း ဆီစက်များနှင့် အလုပ်ရုံများ ထိခိုက်မှုနည်းပါးသော်လည်း ဆီစက်ဂိုထောင်တွေ ထိခိုက်မှုများခဲ့ကြောင်း ဆီစစ်ခုံများ လဲကျသွားခြင်းများကို ပြန်လည်ပြင်ဆင်ပြီး ဖြစ်ရာ ဆီစက်များအားလုံး လည်ပတ်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး၊ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က မန္တလေးနေ့စဉ်ကို ပြောသည်။

"ငလျင်ဒဏ်ကြောင့် ဆီစက်များ ထိခိုက်မှုမရှိသော်လည်း စက်ရုံ၊ ဂိုထောင်အုတ်တံတိုင်းတွေလောက်သာ ပြိုကျ၊ ပျက်စီးမှုရှိပါတယ်။ ဆီစက်တွေမှာ အများဆုံးဖြစ်တာက ဆီစစ်ခုံတွေ လဲကျခြင်းဖြစ်ပါတယ်။ အခုအားလုံးပြန်လည်ပြင်ဆင်ပြီးဖြစ်လို့ လည်ပတ်နေပါတယ်။ ပျက်စီးမှုအနေနဲ့ ဆီစက်ကြီး၊ ငယ်အလုံး ၃၀ ခန့် ပျက်စီးမှုရှိခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာတစ်နိုင်ငံလုံးအနေဖြင့် စက်မှုကြီးကြပ်မှ ကောက်ယူထားသော စာရင်းများအရ ဆီစက်အလုံးရေ ၃၆၀၀ ကျော် ရှိပြီး လက်ရှိအချိန်တွင် ပြည်တွင်း ဆီဖူလုံရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်များကို ရာနှုန်းပြည့် ပြန်လည် လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀



# လေပြင်းဒဏ်ကြောင့် ပျက်စီးသွားသော နေအိမ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်

**နမ့်စန် မေ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ဧပြီ ၂၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသည့် တွဲတီးကျေးရွာရှိ လူနေအိမ် ၂၃ လုံး၊ နမ့်ဆွယ်ကျေးရွာရှိ လူနေအိမ်ခုနစ်လုံးနှင့် ဘုန်းကြီးကျောင်း မီးဖိုဆောင်တစ်လုံး၊ စုစုပေါင်း အဆောက်အအုံ ၃၁ လုံးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ငွေများကို မြို့နယ်မှ တာဝန်ရှိသူများက နမ့်လစ်ကျေးရွာအုပ်စု၊ တွဲတီးကျေးရွာနှင့် မက်မွန်မုန်းကျေးရွာအုပ်စု၊ နမ့်ဆွယ်ကျေးရွာသို့ ယမန်နေ့ နံနက် ၁၁ နာရီက ကွင်းဆင်း၍ အိမ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ကျေးရွာနှစ်ရွာရှိ လေပြင်းဒဏ်သင့်နေအိမ်များသို့ သွားရောက်၍ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၂၁၉၀၀၀၀ကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နှစ် (၆၆၀) ပြည့် အင်းဝ( ၅ )

ဘိုးတော်ဗဒုံမင်းဟာ သူ့တူတော်များဖြစ်ကြတဲ့ ဖောင်းကားစား မောင်မောင်နဲ့ စဉ့်ကူးမင်းတို့ကို အောင်မြင်ပြီး အင်းဝမြို့တော်မှာ ထီးနန်းတက်ခဲ့သော်လည်း နှစ်နှစ်အကြာမှာ အကြောင်းပြချက် မယ်မယ်ရရမရှိဘဲ အမရပူရမြို့သစ်ကို တည်ထောင်စိုးစံတဲ့အတွက် အင်းဝမြို့တော်ဟာ ၃၈ နှစ်ကြာအောင် စွန့်ပစ်ခြင်းခံခဲ့ရပါတယ်။ အင်းဝမြို့ဟောင်းကို သူ့ရဲ့မြေးတော် စစ်ကိုင်းမင်း(ခေါ်)ဘကြီးတော်က မြန်မာသက္ကရာဇ် ၁၁၈၃ ခုနှစ်မှာ စတုတ္ထအကြိမ် ပြန်လည်ပြုပြင်ပြီး နန်းစံပြန်ပါတယ်။ ဒီနေရာမှာလည်း စကားစပ်မိလို့ နောင်မျိုးဆက်သစ်တွေ နားလည်အောင် ပြောပြချင်တာလေးတစ်ခုက ဗဒုံမင်းကို ဘိုးတော်၊ စစ်ကိုင်းမင်းကို ဘကြီးတော်လို့ ထူးထူးခြားခြား အသုံးများတာက ဗဒုံမင်းဟာ စစ်ကိုင်းမင်းနဲ့ သာယာဝတီမင်းတို့ရဲ့ အဘိုးတော်လို့ ဘိုးတော်၊ တစ်ခါ စစ်ကိုင်းမင်းကတော့ ပုဂံမင်းနဲ့ မင်းတုန်းမင်းတို့ရဲ့ ဘကြီးတော်နေလို့ပါ။ ဘကြီးတော် စစ်ကိုင်းမင်းဟာ သူ့ဖခင် အိမ်ရှေ့မင်း(ရခိုင်က မဟာမုနိရုပ်ရှင်တော် ပင့်ခဲ့သူ၊ ဗဒုံမင်းရဲ့သား ငယ်နာမည် ဦးပေါ်) ကွယ်လွန်လို့ အိမ်ရှေ့မင်းအရာရခဲ့ပြီး ၁၁၈၀ ပြည့်နှစ် ဘိုးတော်နတ်ပြည်စံတော့ အမရပူရမှာ ထီးနန်းဆက်ခံခဲ့သူ ဖြစ်ပါတယ်။ သူ ဘုရင်ဖြစ်ပြီး မကြာမီ အမရပူရမှာ မီးလောင်တော့ နန်းတော်ဆောင်အချို့ပါ မီးသင့်ခဲ့ပါတယ်။ ဒါကြောင့်မို့ ဘကြီးတော်ဟာ အမရပူရမြို့ကို စွန့်ပြီး အင်းဝမြို့ဟောင်းကို ပြန်လည်ပြုပြင်ပြီး စတုတ္ထအကြိမ် ထီးနန်းစံခဲ့ပါတယ်။ အင်းဝကို ပြန်လည်ပြုပြင်တဲ့အခါမှာ ထူးခြားမှု အချို့ကို စတင်ပြုလုပ်ပါတော့တယ်။ ပထမဆုံး ယခင် စည်တိုပုံမြို့ရိုးရဲ့ အပြင်ဘက် အရှေ့မြောက်ထောင့်က ဘုရားလှကို အတွင်းသွင်းပြီး အရှေ့မျက်နှာမြို့ရိုးကို ဒုဋ္ဌဝတီမြစ်ဘက် ၄၅ တာ ချဲ့လိုက်ပါတယ်။ ဒါကြောင့်မို့ အင်းဝမြို့တော် ဘကြီးတော် လက်ထက်မှာ လက်ရှိ မြင်တွေ့နေရတဲ့အတိုင်း ပြီးပြည့်စုံတဲ့ စည်တိုပုံသဏ္ဌာန် ဖြစ်သွားပါတယ်။ အခုချိန် အင်းဝကို အရှေ့ဘက်တံခါး ဥတည်ပေါက်က ဝင်လိုက်ရင် သတိုးမင်းဖျားရုပ်တုအတိုင်း မယ်နုအုတ်ကျောင်းရှိရာ မြောက်ဘက်ကိုသွားတဲ့ ကတ္တရာလမ်းရဲ့ အနောက်ဘက်ကပ်လျက်မှာ မူလအုတ်မြို့ရိုးရဲ့ အုတ်စ၊ အုတ်နတွေကို တွေ့မြင်နိုင်ပါတယ်။

သတိုးမင်းဖျား အင်းဝကို စတင်တည်ထောင်စဉ်က တံခါးကိုးပေါက်နဲ့ အရှေ့မြောက်နဲ့ အနောက်တောင်ထောင့်တွေမှာ ခုံးနေတဲ့ ထောင့်မှန်စတုဂံ ပျက်ပုံ၊ ညောင်ရမ်းမင်းလက်ထက် တံခါးပေါက်တွေကို ယခင်အတိုင်းထားပြီး ခုံးနေတာတွေကို အနည်းငယ်ပြုပြင်လိုက်တော့ ဗိုက်ကားနေတဲ့ စတုရန်းဆန်ဆန် စည်တိုအပုပုံ၊ ဆင်ဖြူရှင်လက်ထက်မှာတော့ အဲ့ဒီပုံကိုပဲ တံခါးရော၊ ပုံစံရော အရင်အတိုင်းပဲ ဆက်လက်ထားရှိပြီး အပြင်မြို့ကြီးကိုပဲ မော်ယွန်းချိုးတွေနဲ့တိုးချဲ့ပြီး တည်ဆောက်ပါတယ်။ အခုနောက်ဆုံး ဘကြီးတော်လက်ထက်မှာ နန်းမြို့ရိုးကို အရှေ့ဘက်ချဲ့ပြီး ပြင်လိုက်တော့မှ တကယ့်စည်တိုပုံ ဖြစ်သွားပါတယ်။ အဲ့ဒီစည်တိုပုံမြို့ရိုးရဲ့ တံခါးပေါက် အရေအတွက် အပြောင်းအလဲ မရှိသော်လည်း အနောက်ဘက်မှာ တစ်ပေါက်လျှော့ပြီး အရှေ့ဘက်မှာ တစ်ပေါက်တိုးလိုက်လို့ အရေအတွက် မပြောင်းလဲတာပါ။ အပြင်မြို့ကြီးကိုတော့ ဟံသာဝတီပါမင်း လက်ထက်မှာ မော်ယွန်း ၁၅ ချိုးနဲ့ တံခါးပေါက် ၃၃ ပါတဲ့ မြေမြို့ရိုးကြီးကို စတင်ဆောက်လုပ်ပါတယ်။ ဆင်ဖြူရှင်လက်ထက်မှာ တံခါးပေါက် ၁၄ ပါတဲ့ မော်ယွန်း ၃၀ ချိုးနဲ့ပြင်ပါတယ်။ သူ့သားတော်စဉ့်ကူးက မော်ယွန်းနှစ်ချိုးလျှော့ပြီး ၂၈ ချိုးနဲ့ ထပ်ပြင်ပြန်ပါတယ်။ ဒါကို ဘကြီးတော်လက်ထက်ရောက်တော့ မော်ယွန်းချိုးတွေကို မပြင်တော့ပေမယ့် စည်တိုပုံမြို့ရိုးနဲ့ အပြင်မြို့ကြီးမြို့ရိုးတို့ ဆက်စပ်နေတာကို သဘောမကျလို့ အပြင်မြို့ရိုး စတင်ထွက်တဲ့ ကျော်ဘုံတံခါးရဲ့ အနောက်ဘက်ကပ်လျက်နေရာနဲ့ အဆုံးနေရာဖြစ်တဲ့ စည်တိုပုံမြို့ရိုးရဲ့ အနောက်မြောက်ထောင့်နေရာတွေမှာ၊ စည်တိုမြို့ရိုးနဲ့ ထိနေတဲ့နေရာတွေမှာ တံခါးပေါက်တွေ ဖောက်လိုက်တဲ့အတွက် တံခါးပေါက် ၁၆ပေါက်အဖြစ် ပြောင်းလဲသွားပါတယ်။ ဒါက အင်းဝရဲ့အတွင်း၊ အပြင်မြို့ရိုးတွေ အခြေအနေနဲ့ပတ်သက်ပြီး ပြောင်းလဲလာမှုကို သိရအောင်လို့ပါ။

အင်းဝမြို့ကို သတိုးမင်းဖျား စတင်တည်ထောင်စဉ်က ပထမအင်းဝခေတ်၊ ညောင်ရမ်းမင်း ဒုတိယအကြိမ် ပြုပြင်တည်ထောင်စိုးစံပြန်တော့ ဒုတိယအင်းဝခေတ်(သို့မဟုတ်)ညောင်ရမ်းခေတ်လို့ သမိုင်းတွင်ခဲ့ပေမယ့် ဆင်ဖြူရှင် တတိယအကြိမ် ပြုပြင်ပြီး နန်းစိုက်တော့ တတိယအင်းဝခေတ်လို့ မသတ်မှတ်ပါဘူး။ ဘုရင်နှစ်ပါးပဲ နန်းစံကြလို့ ကုန်းဘောင်ခေတ်ဦးလို့ပဲ သုံးနှုန်းကြပါတယ်။ အခု ဘကြီးတော်စစ်ကိုင်းမင်း စတုတ္ထအကြိမ်ပြုပြင်ပြီး ထီးနန်းစိုးစံတဲ့အခါမှာလည်း စတုတ္ထအင်းဝခေတ်လို့ မပြောဘဲ သူတစ်ပါးပဲ နန်းစံခဲ့လို့ အမရပူရခေတ်ရယ်လို့ပဲ သမိုင်းတွင်ပါတယ်။ ဆိုလိုတာက ထီးနန်းစိုက်ပြီး ဘုရင်အုပ်ချုပ်တဲ့ မင်းနေပြည်တော်ဖြစ်တိုင်း ခေတ်ရယ်လို့ မသတ်မှတ်၊ မသုံးစွဲပါဘူးလို့ ပြောချင်တာပါ။

ဘကြီးတော် စစ်ကိုင်းမင်းဟာ အင်းဝနေပြည်တော်မှာ မြန်မာသက္ကရာဇ် ၁၁၉၉ ခုနှစ်အထိ ဘုရင်အဖြစ် စိုးစံခဲ့ပါတယ်။ ဘကြီးတော်မင်း လက်ထက်ဟာ မြန်မာ့သမိုင်းမှာ ထူးခြားချက်များစွာ၊ အမှတ်တရများစွာ ရှိခဲ့ပါတယ်။ ဦးစွာပြောချင်တာက ဘကြီးတော်ဟာ တခြားဘုရင်များနဲ့မတူဘဲ ရွှေလင်ပန်းနဲ့ အချင်းဆေးတဲ့ ပန်းတောင်းမင်းသမီးလေးကို ပြည်ထောင်ဖက် မိဖုရားခေါင်ကြီး အဖြစ် မတင်ဘဲ ငယ်ချစ်ဖြစ်တဲ့ သာမန်အရပ်သူ ရှင်မင်းနှကို တင်မြှောက်ခဲ့ပါတယ်။ အဲ့ဒါကြောင့် နန်းတွင်းအရှုပ်အထွေးများစွာ ပေါ်ပေါက်လာခဲ့ပြီး နောက်ဆုံး ထီးနန်းကို ထိခိုက်တဲ့အထိ ဖြစ်သွားစေခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ ပဥ္စလောဟာ ဆင်းတုတော်ကြီး သကျသီဟကို ကိုယ်တိုင်အတိုင်းအတာတွေ တွက်ချက်စီရင်ပြီး သွန်းလောင်းခဲ့ပါတယ်။ ဘုရားဆင်းတုတော် သွန်းလောင်းကိုးကွယ်တာ ကောင်းတဲ့ကိစ္စဖြစ်သော်လည်း အဲ့ဒီဆင်းတုတော်နဲ့ပတ်သက်တဲ့ ဘုရင်နဲ့ အကြီးအကဲတိုင်း နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ပြီး ဘဝနိဂုံးချုပ် မလှခဲ့ကြပါဘူး။ အနည်းငယ် ချဲ့ပြောရရင် ဘကြီးတော်လက်ထက်မှာ နယ်ချဲ့အင်္ဂလိပ်ရဲ့ ပထမကျူးကျော်စစ်ကို စတင်ဖြစ်ပေါ်စေပြီး စစ်ရှုံးခဲ့ခြင်း၊ နန်းချခံရခြင်း၊ သူအလွန်ချစ်မြတ်နိုးတဲ့ မိဖုရားခေါင်ကြီး ကွပ်မျက်ခံရခြင်း၊ အဲ့ဒီဆင်းတုကို အင်းဝကနေ အမရပူရ ပင့်ဆောင်ကိုးကွယ်ခဲ့တဲ့ ပုဂံမင်းလည်း ဒုတိယအင်္ဂလိပ်-မြန်မာ ကျူးကျော်စစ်ဖြစ်ပြီး စစ်ရှုံးခြင်း၊ နန်းချခံရခြင်း၊ နောက်ထပ် အဲ့ဒီဆင်းတုကို အမရပူရကနေ မန္တလေးပြောင်းရွှေ့ကိုးကွယ်ခဲ့တဲ့ သီပေါမင်းကျတော့ အားလုံးသိကြတဲ့အတိုင်း တတိယအင်္ဂလိပ်-မြန်မာ စစ်ဖြစ်ပြီး စစ်ရှုံးခဲ့တဲ့အပြင် နယ်ချဲ့ရဲ့ဖမ်းဆီးခြင်းခံရပြီး ရေခြား၊ မြေခြား၊ တိုင်းခြားမှာ ညှိုးငယ်စွာနဲ့ပဲ ဘဝနိဂုံးချုပ်ခဲ့ရပြန်ပါတယ်။ နောက်ပိုင်းမှာလည်း ထင်ရှားတဲ့ အခြားအဖြစ်အပျက်တွေ တိုက်ဆိုင်စွာ ဖြစ်ပွားခဲ့ပါသေးတယ်။ အဲ့ဒီအကြောင်းတွေကို ခြေခြေမြစ်မြစ် သိကြတဲ့သူတွေက ဆင်းတုတော်ကြီးကို ရှောင်ဘုရားရယ်လို့ တိတ်တဆိတ် သတ်မှတ်ခြင်းခံခဲ့ရပါတယ်။



ဦးအိုအုတ်ကျောင်းမှ အုတ်တိုင်ကြီးများ



ဦးအိုအုတ်ကျောင်းမှ သရက်ကင်းလှေကား

နောက်တစ်ခုကတော့ ကြီးမားလှတဲ့ စကျင်ကျောက် မဟာသကျရံသီ ဆင်းတုတော်ကြီးကို အတိုင်းအတာတွေ ကိုယ်တိုင်စီရင်ပြီး ထုလုပ်ကိုးကွယ်ခဲ့ပြန်ပါတယ်။ အဲ့ဒီဆင်းတုတော်ကြီးဟာ မူလဌာနေ အင်းဝရွှေမြို့တော်မှာ ကိန်းဝပ်စံပယ်ခဲ့သော်လည်း ဘကြီးတော် နန်းကျပြီးနောက် သာယာဝတီမင်းလက်ထက် အမရပူရကို မြို့တော်ပြောင်းရွှေ့သွားလို့ နှစ်အတော်ကြာ မြို့ကောကြီးရဲ့ ချုံနွယ်သစ်ပင်တောဖုံးနေရာက ပုဂံမင်းလက်ထက်မှာတော့ အင်းဝကနေ အမရပူရ တောင်သမန်အင်း ကမ်းစပ်နားမှာ ပြောင်းရွှေ့သီတင်းသုံးစေခဲ့လို့ တောင်သမန်ကျောက်တော်ကြီးရယ်လို့ ယနေ့တိုင် ထင်ရှားနေပါတယ်။ နောက်ထပ် တစ်ချက်ကတော့ သူ့လက်ထက်မှာ ထုထည်ကြီးမားတဲ့ အုတ်ကျောင်းတော်ကြီးတွေ တည်ဆောက်ပေါ်ပေါက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အဲ့ဒီအထဲကမှ လူသိများပြီး ထင်ရှားတဲ့ကျောင်းတော်ကြီးက မဟာအောင်မြေဘုံစံ(ခေါ်)မယ်နုအုတ်ကျောင်းကြီး ဖြစ်ပါတယ်။ မိဖုရားခေါင်ကြီးဖြစ်တဲ့ ရှင်မင်းနုဟာ အင်းဝမှာသာမက သူ့ဇာတိ ဖလံခုံရွာမှာလည်း ကြီးမားတဲ့ အုတ်ကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသေးတယ်။ ဘကြီးတော်ကတော့ သရက်ကင်းအုတ်လှေကားကြီးတွေပါတဲ့ မဟာအောင်မြေဘုံသာ သစ်သားကျောင်းတော်ကြီးကို စည်တိုပုံမြို့ရိုးအတွင်း အနောက်တောင်၊ ရွှေစည်းခုံဘုရားကြီးရဲ့ အရှေ့ယွန်းယွန်းမှာ တည်ဆောက်လှူဒါန်းခဲ့ပါတယ်။ မိဖုရားခေါင်ကြီးရဲ့မောင် စလင်းမြို့စား မင်းသားမောင်အိုကလည်း သူ့အစ်မတော်နည်းတူ အုတ်ကျောင်းတော်ကြီးကို အင်းဝအပြင် မြို့ကြီးအတွင်း ထင်ရှားတဲ့ လေးထပ်ကြီးရဲ့ အနောက်ယွန်းယောင်မှာ တည်ဆောက်လှူဒါန်းခဲ့ပါတယ်။ ၁၂၀၀ ပြည့်နှစ် ငလျင်ကြီးကြောင့် အုတ်ကျောင်းကြီးတွေ ပျက်စီးခဲ့ရတာချင်းတူပေမယ့် မယ်နုအုတ်ကျောင်းကြီးကိုတော့ မယ်နုရဲ့သမီးဖြစ်သူ မင်းတုန်းမင်းရဲ့မိဖုရား ဆင်ဖြူမရှင်က ပြန်လည်ပြုပြင်ထိန်းသိမ်းခဲ့သော်လည်း ဦးအိုအုတ်ကျောင်းကြီးကိုတော့ ပြုပြင်သူမရှိတဲ့အတွက် တစ်ပိုင်းတစ်စပဲ လှေလာလို့ ရပါတော့တယ်။ မဟာအောင်မြေဘုံစံ မယ်နုအုတ်ကျောင်းကြီးလိုပဲ ကြီးမားကျယ်ဝန်းတဲ့ မဟာရာမ်တံတိုင်း၊ လှပတဲ့ သရက်ကင်းလှေကားကြီး ခြောက်စင်းနဲ့ အောက်ခြေက ကြီးမားတဲ့ အုတ်တိုင်ကြီးတွေကို တိုးစီပေါင်းကူးတွေနဲ့ ခံ့ညားစွာ တည်ဆောက်ထားပြီး ယနေ့တိုင် ကျန်ရှိနေဆဲပါ။

ဘကြီးတော်မင်းရဲ့ ဆောင်ရွက်ချက် နောက်တစ်ခုကတော့ မှန်နန်းရာဇဝင်တော်ကြီးကို ပညာရှိပေါင်းများစွာနဲ့ နန်းတော်ပေါ်မှာ ပြုစုစေခြင်း ဖြစ်ပါတယ်။ သူ့အဘိုးဖြစ်သူ ဘိုးတော်ဗဒုံမင်းလက်ထက်တုန်းက တွင်းသင်းတိုက်ဝန် ဦးထွန်းညိုကို တာဝန်ပေးအပ်ပြီး တွင်းသင်းရာဇဝင်ပြုစုစေခဲ့သလိုပဲ သူ့လက်ထက်မှာ ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဏ္ဏားပညာရှိ ၁၃ ဦး ပါဝင်တဲ့ အဖွဲ့နဲ့ မှန်နန်းဆောင် နန်းမစနှမှာ သုံးနှစ်ကျော်ကြာအောင် ပြုစုရေးသားဆက်သွင်းခဲ့တဲ့ လွန်စွာတန်ဖိုးရှိသော ကျမ်းကြီးတစ်စောင်အဖြစ် ယနေ့တိုင် အားထားနေရဆဲဖြစ်ပါသည်။ နောက်ဆုံးတစ်ခုကတော့ အမရပူရမြို့မှာ မဟာဝိဇယရံသီပုထိုးတော်ကြီးကို သူများနဲ့မတူစေဘဲ ပစ္စယံပတ်လည်မှာ စကျင်ကျောက်ဖြူနဲ့ ထွင်းထုအလှဆင်ထားတဲ့ ၅၅၀ နဲ့ ဇာတ်ကြီး ၁၀ ဘွဲ့ ရုပ်ကြွများနဲ့တကွ တည်ဆောက်လှူဒါန်းထားတဲ့အပြင် သူ့အဘိုးလိုပဲ ကြေးစင်အလေးချိန် ကျပ်တစ်သိန်းငါးသောင်း၊ အချင်း သံငါးတောင်၊ အမြင့် သံငါးတောင်နှစ်မိုက်ရှိ "မဟာမေရ မကုဋဒဏ္ဍာရာဇာ" ဘွဲ့အမည်ရှိသော ခေါင်းလောင်းကြီးကိုလည်း သွန်းလောင်းထားရှိခဲ့ပါသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

ရက္ခိတ(ရှေး/သု)



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်း အခမဲ့ဖွင့်လှစ်သင်ကြား

**မိတ္ထီလာ မေ ၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ)မှ သိရသည်။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ဝင်ငွေတိုးစီမံကိန်းဖြင့် လုပ်ငန်းထူထောင်ကြသော စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စက်ချုပ်ဆိုင်ရာ နည်းပညာများ ပိုမိုတတ်မြောက်ကျွမ်းကျင်စေရန်၊ လုပ်ငန်းပိုမိုတွင်ကျယ်စွာ လုပ်ကိုင်နိုင်စေရန်၊ ထုတ်ကုန်များ ပိုမိုဈေးကွက်ရရှိလာစေရန်၊ လုပ်ငန်းများ တိုးချဲ့အောင်မြင်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေ မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ၎င်းသင်တန်းတွင် အဆင့်မြင့် Pattern များ ရေးဆွဲခြင်း၊ တိုက်ပုံအင်္ကျီချုပ်နည်း၊ အမျိုးသမီးရင်ခံ ဇာဆက်အင်္ကျီချုပ်နည်း၊ အမျိုးသမီးကော့ဆက်အင်္ကျီချုပ်နည်း၊ အမျိုးသမီးရင်ခံဂါဝန် အင်္ကျီချုပ်နည်း၊ သတို့သမီးဝတ် ခါးထောင်အင်္ကျီချုပ်နည်း၊ သတို့သမီးပတ်လုံချည်ချုပ်နည်းနှင့် Pattern ပိုင်းဆိုင်ရာ တီထွင်ဆန်းသစ်ဖန်တီးခြင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းကို မေ ၈ ရက်မှ ဇွန် ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ၎င်းသင်တန်းကို မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့မှ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၆၉)**

## ဖူးစားပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ

**ကျွန်းလှ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပြောင်းသီးနှံ အဓိကစိုက်ပျိုးသော ဒေသတစ်ခုဖြစ်ပြီး ဖူးစားပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိနေကြောင်း ပြောင်းစိုက်တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ဒေသမှာ ဖူးစားပြောင်းကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရာမှာ ချောင်းရေ၊ မြေအောက်ရေတင်ပြီး ရာသီမရွေး စိုက်ပျိုးကြပါတယ်။ ဖူးစားပြောင်းကို လူကြိုက်များတဲ့အတွက် အခုအခါ ပြောင်းဖူး တစ်ဖူးကြီးလျှင် ငွေကျပ် ၈၀၀၊ သေးလျှင် ငွေကျပ် ၆၀၀ ရောင်းရပါတယ်။ ပြောင်းရိုးကိုလည်း ကျွဲ၊ နွားစာအဖြစ် အသုံးပြုရတဲ့အတွက် စိုက်ပျိုးသင့်ပါတယ်" ဟု ရှမ်းစုကျေးရွာ ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ဒေသတွင်း ထွက်ရှိသည့် ပြောင်းဖူးများအား မြို့ပေါ်ရပ်ကွက်ဈေးများရှိ ဈေးသည်များက စိုက်ခင်းထိလာရောက်ဝယ်ယူကြကြောင်း၊ နီးစပ်ရာမြို့များနှင့် ကျေးရွာများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(၄၈၀)**

၀-၀-၀-၀-၀-၀-၀-၀



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့ ။

ပတ်စရာ၊ မှတ်စရာ
စုံလင်

## စည်းလုံးခြင်းရဲ့ ရလဒ်

* ဝန်ထမ်းများရဲ့ ဘဝဟာ
ကိုယ့်ကိုကိုယ်လည်း မပိုင်ပါ
အကြောင်းရှိလို့ ခေါ်ရင်လည်း
အချိန်မီလေး ရောက်လာအမြဲ။

* တကယ်လက်တွေ့ဘဝဟာ
အတက်အကျ အနိမ့်မြင့်များစွာ
ပျော်လည်းလုပ်၊ မပျော်လည်းလုပ်
ကျွန်တော်တို့ရဲ့ ဝန်ထမ်းအလုပ်။

* အလုပ်တာဝန်တွေများစွာ
အားကြိုးမာန်တက်ပါ။
နေ့၊ ည မနားအစဉ်ကြိုးစား
မမောပန်းနိုင်အား။

* စည်းလုံးခြင်းရဲ့ ရလဒ်သည်
ကော်မတီပုံရိပ်ကောင်းဖို့ရည်
မြို့နေလူထု စိတ်ချမ်းသာဖို့
အားသွန်ခွန်စိုက် လုပ်ကြစို့။ ။

**သန်းနိုင်စိုး(စိုက်/မွေး)**



# (၃၈)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအထိမ်းအမှတ် ပင့်သံဃာ(၇၅)ပါးအား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲ လောင်းလှူပူဇော်



**ပွင့်ဖြူ မေ ၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ တည်ထားကိုးကွယ်တော်မူသည့် အိုးထိန်းတောင်စေတီတော်မြတ်ကြီးရင်ပြင်တော်တွင် ကျင်းပသည့် (၃၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ် ပင့်သံဃာ ၇၅ပါးအား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲ လောင်းလှူပွဲကို မေ ၆ ရက်က အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ စေတနာအလှူရှင်များနှင့် ဒေသခံပြည်သူများက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွာသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် စေတနာအလှူရှင်များက ဆရာတော်၊ သံဃာတော်များကို လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာသူများက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ၂၄ပစ္စည်းကို သံပြိုင်ရွတ်ဆိုပူဇော်ကာ အောင်စည်အောင်မောင်းတီးခတ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပဋ္ဌာန်းသိမ်းအောင်ပွဲအထိမ်းအမှတ် ဘုရားအမှူးပြုသော ပင့်သံဃာတော် အရှင်သူမြတ် ၇၅ပါးကို စေတနာအလှူရှင်များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲများ လောင်းလှူကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)



# ကန်တော်ကြီး-ကန်ပတ်လမ်း ဇီဝိတဒါနဆေးရုံကြီးသို့ ဆွမ်းအလှူငွေ လှူဒါန်း

**မန္တလေး မေ ၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က ကောလင်းမြို့၊ သုနန္ဒာရာမ ကျော်ဇေယျကျောင်းတိုက်နေ ဦးသုနန္ဒ ၇၈ နှစ်ပြည့်ဝိဇာတမွေးနေ့ အထိမ်းအမှတ်အတွက် ဆွမ်းအလှူငွေကျပ် ခြောက်သိန်းနှင့် ဆွမ်းပဒေသာပင်ငွေကျပ် သုံးသိန်း၊ စုစုပေါင်းငွေကျပ် ကိုးသိန်းတိတိ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်း တွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက် ဆက်သွယ်မေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

# လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများအား အလှူငွေများ ပေးအပ်လှူဒါန်း



**လယ်ဝေး မေ ၉**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း မတ် ၂၈ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၅ရက် မွန်းလွဲ ၁ နာရီက အင်တိုင်းသာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ နေပြည်တော် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်များ၊ နေပြည်တော်သာသနာရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် မြို့နယ်သာသနာရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများအား ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့၊ ဂိုဏ်းပေါင်းစုံ မြို့နယ်အသီးသီး၊ ကျောင်းတိုက်အသီးသီးတို့မှ ငွေကျပ် ၄၂၈၅၂၀၀၀ လှူဒါန်းမှုအား ရှင်းလင်းမိန့်ကြားခဲ့သည်။

ထို့နောက် နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများမှတစ်ဆင့် ပေးအပ်လှူဒါန်းရာ လုံးဝပြိုကျပျက်စီးသည့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလျှင် အလှူငွေကျပ် ခြောက်သိန်းနှစ်ထောင်စီဖြင့် ဘုန်းတော်ကြီးကျောင်း ၂၆ ကျောင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် ဘုန်းတော်ကြီးကျောင်းများအား တစ်ကျောင်းလျှင် အလှူငွေကျပ် သုံးသိန်းလေးသောင်းစီဖြင့် ကျောင်းပေါင်း ၈၀ တို့အတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ အလှူငွေများ လာရောက်လှူဒါန်း



**မန္တလေး မေ ၉**

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများလာရောက်လှူဒါန်းလျက်ရှိရာ မေ ၇ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်နေ သုဓမ္မမဏိဇောတဓရ ဦးအောင်နိုင်ဆွေ+အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်နွယ်(သီရိရွှေစင် စိန်ရွှေရတနာဆိုင်)မိသားစုက ငွေကျပ်သိန်း ၃၀၀ ကို လည်းကောင်း၊ ရန်ကုန်မြို့နေ ဒေါ်သန်းသန်းဌေး၊ မဇင်ဝင်းသူ၊ မအေးအေးမာ၊ မချို၊ မသော်၊ မဘေဘီနှင့် ကိုဇော်ထက်တို့က ငွေကျပ်သိန်း ၃၀ကိုလည်းကောင်း၊ မန္တလေးမြို့နေ ဦးတိုင်းအေး+ဒေါ်ထားထားဦး မိသားစုက ငွေကျပ် သိန်း ၃၀ကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံ SASANAN-UGGAHA Group က ငွေကျပ် သိန်း၂၀ကိုလည်းကောင်း၊ DHAMMA Group မှ ငွေကျပ် သိန်း ၃၀ကိုလည်းကောင်း၊ ပြည်မြို့ အောင်မြေတောရဆရာတော်နှင့် ဒါယိကာ၊ ဒါယိကာမများက ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ကျောက်ဆည်မြို့နေ ဦးစိုးမောင်+ဒေါ်သန်းမြင့် မိသားစုက ငွေကျပ် ၁၀သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730206100449101 နှင့် UAB ဘဏ်ငွေစာရင်းအမှတ် 017130100012259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 0170121 000 00750 နှင့် ဖုန်း ၀၉-၄၄၄ ၀၄၄၄၇၅၊ ၀၉-၄၀၂ ၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)

# မြောက်မြိုက်(ရှ)ကျေးရွာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ငွေနှင့် ပစ္စည်းစုံ ပေးအပ်



**တပ်ကုန်း မေ ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်၊ မြောက်မြိုက်(ရှ)ကျေးရွာတွင် မတ် ၂၈ရက် မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် လူနေအိမ်ပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ယမန်နေ့ နံနက်ပိုင်းက ငွေနှင့်ပစ္စည်းစုံ ပေးအပ်ကြသည်။ (ယာပုံ)

အဆိုပါရွာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရီရီတင် ဦးဆောင်သည့် နေပြည်တော်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များက ငလျင်ဘေးသင့်အိမ်ထောင်စု(အိမ်ပြို၊ အိမ်ပျက်)၂၂စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀နှင့် ဆန် ခြောက်ပြည်ဆံ့ တစ်အိတ်၊ မီးဖိုချောင်သုံးပစ္စည်း(ဒန်အိုး၊ ဒန်ခွက်၊ ဒယ်အိုး)အပါအဝင် ပုံးတစ်ပုံးတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

မျက်စိလှူကြ မျက်ကြည်ရ၊ မြတ်သည့် လှူဒါန။

# ပထမဆုံးသော အမေရိကန်ပုပ်ရဟန်းမင်းကြီး ရွေးချယ်တင်မြှောက်ခြင်းကို ကြီးမြတ်သောဂုဏ်ယူစရာဖြစ်သည်ဟု သမ္မတထရမ့်ထုတ်ဖော် ပြောကြား

**ရောမ မေ ၉**

ပထမဆုံးသော အမေရိကန်ပုပ်ရဟန်းမင်းကြီး ရွေးချယ်တင်မြှောက်ခြင်းကို နိုင်ငံအတွက် ကြီးမြတ်သော ဂုဏ်ယူစရာဖြစ်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ကာဒီနယ်ရဟန်းရောဘတ် ဖရန့်စစ်ပရီဗော့စ်ဘဝမှ ပုပ်ရဟန်းမင်းကြီးဖြစ်လာသော လီယို (၁၄)ကို မကြာမီတွေ့ဆုံရန် မျှော်လင့်နေသည်ဟုလည်း ထရမ့်က ဆက်လက်ပြောကြားသည်။

ထရမ့်သည် အသက် ၆၉ နှစ်အရွယ် ချီကာဂိုမြို့သား ပုပ်ရဟန်းမင်းကြီးအဖြစ် သမိုင်းဝင်တင်မြှောက်ခံရခြင်းကို ချီးကျူးဂုဏ်ပြုသော အမေရိကန်နိုင်ငံရေးသမားများထဲမှ တစ်ဦးဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး လီယို (၁၄)သည် ချီကာဂိုမြို့တွင် မွေးဖွားခဲ့ပြီး ဗီလာဒဲလ်ဖီးယားမြို့ပြင်ရှိ တက္ကသိုလ်တစ်ခုတွင် ပညာသင်ကြားခဲ့ကာ ပီရူးနိုင်ငံတွင် သာသနာပြုအဖြစ် လုပ်ကိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကက်သလစ်ခရစ်ယာန်အများဆုံး နေထိုင်သော စတုတ္ထမြောက်နိုင်ငံဖြစ်ပြီး ပထမဆုံးသော အမေရိကန်ပုပ်ရဟန်းမင်းကြီး၏ အမည်ကို ကြေညာပြီးနောက် ခရစ်ယာန်ဘာသာဝင်များက ဂုဏ်ပြုချီးကျူးစကားများ ဆိုခဲ့ကြသည်။

၂၀၁၉ ခုနှစ်တွင် ကက်သလစ်ဘာသာသို့ ကူးပြောင်းခဲ့သော ဒုတိယသမ္မတ ဂျေဒီဗန့်စ်ကလည်း ပုပ်ရဟန်းမင်းကြီး၏ ရွေးချယ်တင်မြှောက်ခံရမှုကို ချီးကျူးဂုဏ်ပြုခဲ့ကြောင်းသိရသည်။ **Mon**




# ဘရစ်ခ်စ်အဖွဲ့၏ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် မလေးရှားသို့ တရုတ်ဝန်ကြီးချုပ် လီချန်း သွားရောက်မည်

**ပေကျင်း မေ ၉**

အမေရိကန်၏ ကုန်သွယ်မှုအခွန်များကို ဆန့်ကျင်ရန် မျှော်မှန်းထားသည့် အရှေ့တောင်အာရှနှင့် အာရပ်နိုင်ငံများ ပူးပေါင်းဖွဲ့စည်းထားသော ဘရစ်ခ်စ်အဖွဲ့၏ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် မေလကုန်ပိုင်းတွင် မလေးရှားသို့ တရုတ်ဝန်ကြီးချုပ် လီချန်း သွားရောက်မည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဧပြီ ၂ ရက်တွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံများစွာအား ရုတ်တရက် ကုန်သွယ်မှုအခွန်များ ကျပ်တည်းစေခဲ့ပြီးနောက် ဥရောပသမဂ္ဂ၊ ဂျပန်နှင့် ကိုရီးယားတို့နှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်ရန် တရုတ်နိုင်ငံသည် ချဉ်းကပ်မှုအသစ်များ ပြုလုပ်လျက်ရှိသည်။

လီချန်း တက်ရောက်မည့် အရှေ့တောင်အာရှ-အာရပ်-တရုတ် ထိပ်သီးအစည်းအဝေးကို မေ ၂၇ ရက်တွင် ကွာလာလမ်ပူမြို့၌ ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။ **Mon**

STOP AIDS

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

# ဘရစ်ခ်စ်အဖွဲ့ဝင်နိုင်ငံများတွင် တရားဝင်ပါဝင်ရန် ဆော်ဒီအာရေဗျနိုင်ငံဘက်က ရွှေ့ဆိုင်းထား

**ရီယာ့ဒ် မေ ၉**

ဆော်ဒီအာရေဗျသည် လွန်ခဲ့သောအပတ်က ဘရာဇီးတွင် ကျင်းပသည့် အစည်းအဝေးတွင် ပါဝင်ခဲ့သော်လည်း ဘရစ်ခ်စ်အဖွဲ့ဝင်နိုင်ငံများတွင် တရားဝင်ပါဝင်ရန် ရွှေ့ဆိုင်းထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဘရစ်ခ်စ်အဖွဲ့ဝင်ခြင်းဆိုင်ရာ ကိစ္စသည် ၂၀၂၃ ခုနှစ်တွင် ပထမဆုံးဖိတ်ကြားခံရသည့် အချိန်မှစ၍ ဆော်ဒီအာရေဗျအတွက် သံတမန်အရေးအရ အနုတ်လက္ခဏာဆောင်သည့် အရေးကိစ္စဖြစ်ခဲ့သည်။

အဆိုပါအဖွဲ့ကို ကမ္ဘာ့အစဉ်အလာအာဏာကို ဟန့်တားရန်အတွက် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများ စုစည်းဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုနှစ်များအတွင်း အာရပ်စော်ဘွားများပြည်ထောင်စု၊ အီဂျစ်နှင့် အင်ဒိုနီးရှားကဲ့သို့သော စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်လာခဲ့ကြောင်း သိရသည်။ **Mon**






# ဂျပန်နိုင်ငံ၏ မတ်လ လုပ်အားခတန်ဖိုးများ တတိယအကြိမ် ဆက်တိုက်ကျဆင်းခဲ့သည်ဟု ဆို

**တိုကျို မေ ၉**

ဂျပန်နိုင်ငံတွင် လုပ်အားခတန်ဖိုးများ မတ်လ၌ တတိယအကြိမ် ဆက်တိုက်ကျဆင်းခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အစိုးရ၏ သတင်းထုတ်ပြန်ချက်အရ စားသုံးသူအသုံးစရိတ်များ မျှော်မှန်းထားသည်ထက် ပိုမိုမြင့်တက်နေသော်လည်း ရေရှည်ဖြစ်ပေါ်နေသည့် ငွေကြေးဖောင်းပွမှုကြောင့် လုပ်အားခ အမှန်တန်ဖိုးများ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ လုပ်အားခနှင့် အသုံးစရိတ်ဆိုင်ရာ ရောထွေးနေသော အချက်အလက်များသည် ဂျပန်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို စိန်ခေါ်နေပြီး ပို့ကုန်အပေါ် မှီခိုနေရသည့် စီးပွားရေးစနစ်အနေဖြင့် အကောက်ခွန်ဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ငွေကြေးဆိုင်ရာ မူဝါဒများ၏ မရေရာမှုများကို ရင်ဆိုင်နေရသည်။

အလုပ်သမားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အိမ်ထောင်စုများ၏ ဝယ်ယူနိုင်စွမ်းကို အဓိကဆုံးဖြတ်ပေးသည့် ငွေကြေးဖောင်းပွမှုနှုန်းနှင့် ညှိထားသော လုပ်အားခ အမှန်တန်ဖိုးများသည် မတ်လတွင် ယခင်နှစ်ကထက် ၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဖေဖော်ဝါရီလတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဇန်နဝါရီလတွင် ၂ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး ပြင်ဆင်မှုများနှင့်အတူ ကျဆင်းခဲ့သည်။

မတ်လတွင် ယခင်နှစ်ကထက် ၄ ဒသမ ၂ ရာခိုင်နှုန်း တက်ခဲ့ပြီး ဖေဖော်ဝါရီလက ၄ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့သည်ထက် အနည်းငယ်လျော့နည်းသွားသော်လည်း အစားအစာဈေးနှုန်းများ တက်လာမှုကြောင့် ယခုလည်း မြင့်မားဆဲဖြစ်ကြောင်း သိရသည်။

**Mon**

# ဗြိတိန်နှင့် ကုန်သွယ်ရေးသဘောတူညီချက်ကို ကြေညာခဲ့ပြီးနောက် အမေရိကန် အစုရှယ်ယာဈေးကွက်များတွင် ဈေးနှုန်းများ မြင့်တက်လာ

**ဝါရှင်တန် မေ ၉**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဗြိတိန်နှင့် ကုန်သွယ်ရေးသဘောတူညီချက်ကို ကြေညာခဲ့ပြီးနောက် အခြားနိုင်ငံများ၏ အကောက်ခွန်ညှိနှိုင်းမှုများအတွက် မျှော်လင့်ချက်များ မြင့်တက်လာကာ မေ ၈ ရက်က အမေရိကန်ပြည်ထောင်စုရှိ အစုရှယ်ယာဈေးကွက်များတွင် ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဧပြီ ၂ ရက်က ထရမ့်၏ လွတ်မြောက်ရေးနေ့ အကောက်ခွန်များကြောင့် ဖြစ်ပေါ်ခဲ့သည့် ဈေးကွက်လှုပ်ရှားမှုများဖြစ်ပေါ်လာသည်။ ထို့နောက် နိုင်ငံအသီးသီးက ဖြစ်နိုင်ခြေရှိသော ထိခိုက်စေနိုင်သည့် အခွန်များကို ရှောင်ရှားရန် ဝါရှင်တန်နှင့် သဘောတူညီချက်များ ရရှိလိမ့်မည်ဟု မျှော်လင့်ရာမှ မကြာသေးမီသီတင်းပတ်များအတွင်း ဈေးကွက်များ ပြန်လည်ခိုင်မာလာခဲ့ခြင်းဖြစ်သည်။



"ကုန်သွယ်ရေးသဘောတူညီချက်သတင်းသည် လာမည့်သီတင်းပတ်များနှင့် လများအတွင်း ဈေးကွက်အနေဖြင့် ပိုမိုများပြားလာမည့် သဘောတူညီချက်များကို မျှော်လင့်ရန် လမ်းခင်းပေးလိုက်ခြင်းဖြစ်သည်" ဟု စီးပွားရေးဆိုင်ရာ သုံးသပ်သူ ပက်ထရစ်အိုဟဲက သုံးသပ်ပြောကြားသည်။

အဆိုပါသဘောတူညီချက်သည် ဗြိတိန်ကားများအပေါ် အကောက်ခွန်များကို လျှော့ချပေးပြီး သံမဏိနှင့် အလူမီနီယမ်အပေါ် အကောက်ခွန်များကို ဖယ်ရှားပေးကာ အပြန်အလှန်အားဖြင့် ဗြိတိန်သည် အမေရိကန်အမဲသားနှင့် အခြားလယ်ယာထွက်ကုန်များအတွက် ဈေးကွက်များကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**မန္တလေး မေ ၉**

ရေမှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို တရုတ်အစိုးရ၏ ကျန်းမာရေးနှင့် ကူးစက်ရောဂါကာကွယ်ရေးအဖွဲ့က မေ ၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ဇထူးအားကစားကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းနှင့် မန္တလေးမြို့တွင်းရှိ ငလျင်ဘေးသင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ရေမှတစ်ဆင့်ကူးစက်နိုင်သော ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ယာယီကယ်ဆယ်ရေးစခန်းများတွင် ရေမှတစ်ဆင့်ကူးစက်ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိရာ တရုတ်အစိုးရ၏ ကျန်းမာရေးနှင့် ကူးစက်ရောဂါကာကွယ်ရေးအဖွဲ့မှ လာရောက် ပူးပေါင်းကူညီဆောင်ရွက်ခြင်းဖြစ်သည်။

တရုတ်အစိုးရ၏ ကျန်းမာရေးနှင့် ကူးစက်ရောဂါကာကွယ်ရေးအဖွဲ့က ဇထူးယာယီကယ်ဆယ်ရေးစခန်း၌ တပ်ဆင်ထားသော ခြင်ဖမ်းစက်များ ပြန်လည်သိမ်းဆည်းခြင်း၊ သောက်ရေနှင့် သုံးရေနမူနာယူခြင်း၊ ငလျင်ဒဏ်သင့်သူများအား ကာကွယ်ဆေးနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ စိတ်ဖိစီးမှုလျော့ကျစေရန် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

မန္တလေး(၆)မြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရေမှတစ်ဆင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် ရေသန့်ဆေးပြားများ ခတ်ပေးခြင်း၊ သုံးရေကလိုရင်းဆေးခတ်ပေးခြင်း၊ အိမ်သာများကို ကလိုရင်းဆေးဖျန်းပေးခြင်း၊ ကြွက်နှင့် ပိုးမွှားများ နှိမ်နင်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး လက်သန့်ဆေးရည်ပေးဝေခြင်း၊ ဆေးစိမ်ခြင်ထောင်များ ပေးဝေခြင်း၊ မေးခိုင်၊ ဆုံဆို့ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ OCV ဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသောကမ္ဘာ့မြေကို စောင့်ရှောက်စို့။

## အသိပေးကြေညာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ကျရောက်သော မြို့နယ်(၆)မြို့နယ်အတွင်းရှိ လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့် သတ်မှတ်ခံရသော အဆောက်အအုံပိုင်ရှင်များအနေဖြင့် မိမိတို့အဆောက်အအုံအား ပြန်လည်ပြင်ဆင်လိုသည်များနှင့်ပတ်သက်၍ PE၊ RSE လိုင်စင်ရအင်/ယာများ၏ ထောက်ခံချက်ပါသော ပြင်ဆင်ရမည့် Method Statement နှင့်အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

၂၈-၃-၂၀၂၅ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် မန္တလေး(၆)မြို့နယ်အတွင်း ဆောက်လုပ်ဆဲ အဆောက်အအုံများ၏ ပင်မတိုင်များ ပျက်စီးမှုရှိ/မရှိ ပြန်လည်စစ်ဆေးရန် လိုအပ်ပါ၍ ခေတ္တရပ်နားထားကြပါရန်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တရားဝင်ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့များဖြင့်စစ်ဆေး၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ ပျက်စီးမှုရှိ/မရှိ စိစစ်ပြီးတင်ပြချက်အပေါ် အဆောက်အအုံဆောက်လုပ်ခြင်းအား ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ပင်မတိုင်များ ပျက်စီးမှုရှိပါက ဆက်လက်တည်ဆောက်ခွင့်မပြုဘဲ ပြန်လည်တည်ဆောက်ရမည်ဖြစ်ပါသည်။ အဆိုပါအချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ ကျင်းပ

**ကန့်ဘလူ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၏ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကန့်ဘလူခရိုင် စုပေါင်းရုံး ရွှေဆည်မြိုင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးက ကန့်ဘလူခရိုင်၏ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)တိုးတက်မှုနှုန်းများ မျှော်မှန်းထားသည့်အတိုင်းရရှိရေးအတွက် ဌာနဆိုင်ရာများ၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများအနေဖြင့် မိမိတို့၏ကဏ္ဍအလိုက်၊ မြို့နယ်အလိုက် GDP တိုးတက်မှုနှုန်း ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်စီမံကိန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးမောင်မောင်ညွန့်က ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့်တာဝန်ရှိသူများက ကန့်ဘလူနှင့် ကျွန်းလှမြို့နယ်တို့၏ ဒေသန္တရစီမံကိန်း တာဝန်များ၊ ကန့်ဘလူခရိုင်၏ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍအလိုက် စီမံကိန်း တာဝန်များပေးအပ်ရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများက လက်ခံရယူကြသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများမှ သက်ဆိုင်ရာဌာနတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)



## မဲဇလီရေလွှဲဆည်ရေဖြင့် မိုးကြို ပဲတီစိမ်း ၆၂၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် တောင်သူများ ကြိုးပမ်းဆောင်ရွက်

**ပွင့်ဖြူ မေ ၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီရေလွှဲဆည်ရေဖြင့် မိုးကြိုပဲတီစိမ်းသီးနှံ ၆၂၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး သီးနှံအထွက်နှုန်းများ တိုးတက်ကောင်းမွန်ရေးအတွက် တောင်သူများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် ဈေးကွက်ရှိသည့် ပဲတီစိမ်းသီးနှံ စိုက်ပျိုးခြင်းကို မိုးသီးနှံနှင့် နွေသီးနှံစိုက်ပျိုးရာသီတွင် အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ သီးနှံဝင်ငွေ တိုးပွားရေးအတွက် ပဲတီစိမ်းကို မိုးကြိုသီးနှံအဖြစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၆၂၃၉ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် တောင်သူများက စိုက်ပျိုးပြီးစီးသည့် ပဲတီစိမ်းစိုက်ခင်းများတွင် သီးနှံအထွက်နှုန်းများ ကောင်းမွန်စေရေးအတွက် မြေဩဇာကျွေးခြင်း၊ ရေဖျန်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်း စသည့် စိုက်ပျိုးရေး သွင်းအားစုလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

"ပွင့်ဖြူမြို့နယ်မှာ ဒေသခံတောင်သူတွေက ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေဖို့နဲ့ သီးနှံဝင်ငွေတိုးပွားစေဖို့ ပဲတီစိမ်းသီးနှံကို မိုးကြိုသီးနှံအဖြစ် စိုက်ပျိုးကြတယ်။ ဒီနေ့အထိ မိုးကြိုပဲတီစိမ်းစိုက်ဧက ၆၂၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံဟာ ဈေးကွက်ရှိတဲ့သီးနှံဖြစ်လို့ တောင်သူတွေက မဲဇလီရေလွှဲဆည်ရေနဲ့ နှစ်စဉ် ဖေဖော်ဝါရီနှင့် မတ်လမှာ စိုက်ပျိုးလေ့ရှိပါတယ်။ ဒီဒေသက စိုက်ပျိုးရေလည်း ဖူလုံတဲ့အပြင် စိုက်ပျိုးရေမြေလည်း မျှတကောင်းမွန်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ဒေသခံတောင်သူတွေကို ပဲတီစိမ်းသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းဖို့အတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲကြဖို့၊ သဘာဝမြေဩဇာနဲ့ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲကြဖို့ အသိပညာပေးတာတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးကြို ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို တစ်ဧကပန်းတိုင်အထွက်နှုန်းများ ရရှိစေဖို့ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးကြဖို့ အရည်အသွေးကောင်းသီးနှံများ ရရှိဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ အချိုးကျ မှန်ကန်စွာ သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၄၅)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉/ခ)၊ ဦးပိုင်အမှတ်(၃၂/က)အတွင်းမှ အကျယ်အဝန်း ပေ (၂၀×၄၀)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ မီး အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ဦးမင်းသော်ဇင်ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဒေါ်ဝင့်ဝါဦး (အထက်တန်းရှေ့နေ)** | **ဒေါ်သံသာဦးဝေ(အထက်တန်းရှေ့နေ)** |
| **LL.B , D.B.S , Diploma in English (MUFL)** | **LL.B , D.B.S , DL (101); IP Law** |
| **DL (101); IP Law (Geneva , Switzerland)** | **(Geneva , Switzerland)** |

**လမ်း၈၀၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ အမရဌာနီအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၆၈၂၂၂၂၁၃၃ ၊ ၀၉-၂၀၃၁၆၈၃ ၊ ၀၉-၇၇၂၀၃၁၆၈၃**

## အကွက်အမှတ်(မမ-၂၅)၊ ဦးပိုင်အမှတ်(၈၁)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ ဦးပိုင်အမှတ်(၈၁)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ "ဦးခင်စိန်" အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်၊ ရေ+မီး အစုံအပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာ ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် "ဦးကျော်မိုး(ဘ)ဦးဘိုးလှိုင်"(၉/မကန(နိုင်)၀၂၂၁၇၉)၏ ကိုယ်စားရောင်းချသူ "ဒေါ်အေးအေးခိုင်(ဘ)ဦးလှရှောင်" (၉/မကန(နိုင်)၀၉၇၅၈၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B)** **ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ် (၈/၆၈၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)ထဲမှ အနောက်ဘက်ဆုံးခြမ်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုသူ ဒေါ်သဇင်ဝင်း(၉/ပကခ(နိုင်)၀၁၅၅၂၁)(ဘ)ဦးဝင်းမော်ထံမှ ကျွန်ုပ်၏မိတ်ဆွေက လက်ရောက်ဝယ်ယူရန် သဘောတူညီလျက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မြသန်းတင်(မဟာဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၂၇)၊ မြို့ဦးလမ်းသွယ်(၁)၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**

**၀၉-၄၀၂၅၅၃၃၂၉၊ ၀၉-၆၇၅၄၉၉၇၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ်(၁၄)အတွင်းရှိ ဦးထွန်းဝေနှင့် ဒေါ်နုနုဦးတို့ ဝယ်ယူပိုင်ဆိုင်ထားသော အရှေ့အနောက်(၄၂)ပေ၊ တောင်မြောက်(၄၃)ပေ အကျယ်အဝန်းရှိ မြေကွက်၏ တောင်ဘက်ခြမ်း အရှေ့အနောက်(၄၂)ပေ၊ တောင်မြောက်(၁၂)ပေ အကျယ်အဝန်းရှိ မြေနေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်နှင့် ၎င်းမြေကွက်ပေါ်ရှိ (အဝီစိတွင်းရေ၊ ဝင်းခြံအကာအရံ)အပါအဝင် ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နုနုဦး ကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်သူ လက်ရှိအမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းဝေ(MDYNE-၀၀၂၀၅၀၊ ၉/မနမ(နိုင်)၀၁၁၂၈၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းမြတ်ရွှေ(၉/ကစန(နိုင်)၁၈၀၂၁၈)က အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်နောက် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ ဦးကောင်းမြတ်ရွှေ၏ လွှဲအပ်ချက်အရ–**

**ဦးသီဟရဲရင့်(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ**

**အကွက်(၅၃၇)၊ ရတနာဘုမ္မိအနောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၉၇၂၅၅၇၀၁၀၊ ၀၉-၇၉၉၅၀၀၉၉၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ စည်းကားကျေးရွာ၊ (၁)လမ်း၊ ဧရိယာ (၀ ဒသမ ၅)ဧကခန့် အကျယ်အဝန်းရှိ မြေကွက်ထဲမှ ခွဲထွက်၍ အကွက်အမှတ်(က-၂)၊ ဧရိယာပေ (၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး တရားဝင် လက်ရှိလွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဟိန်းမင်းလတ်(ဘ)ဦးဝင်းမြင့်(၅/စကန(နိုင်)၁၅၂၀၄၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်အိအိစိုး(LL.B) (စဉ်-၁၄၆၃၀)** **ဒေါ်နှင်းသီရိ (LL.B) (စဉ်-၁၉၀၂၃)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၀၂)၊ အကောက်ခွန်(၄)လမ်း၊ (၃၉)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း ၀၉-၉၇၈၇၅၉၉၂၇၊ ၀၉-၇၉၅၇၇၂၆၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ကုက္ကိုစုရပ်ကွက်၊ အကွက်(၂၇၈)၊ ၈၆လမ်း၊ ၃၈လမ်းနှင့်၃၉လမ်းကြားတွင် နေထိုင်သူ ကျွန်တော် ဦးထွေးနိုင်(ဘ)ဦးသန်းဖေ(၆/တသရ(နိုင်)၀၃၅၃၇၇)သည် ဦးအောင်ချမ်းမြေ့ဟိန်း(ဘ)ဦးရင်မောင်(၉/ခအဇ(နိုင်)၀၁၇၀၃၉)ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော MARVELUX Home Group ဆောက်လုပ်ရေးကုမ္ပဏီတွင် ရှယ်ယာရှင်အဖြစ် (၂၀၁၈)ခုနှစ်မှစ၍ အကျိုးတူ ပူးပေါင်းလုပ်ကိုင်ခဲ့ပါသည်။

ထိုသို့ ပူးပေါင်းလုပ်ကိုင်ခဲ့ရာမှ အထက်ဖော်ပြပါကုမ္ပဏီနှင့် ကျွန်တော်သည် (၂၀.၄.၂၀၂၁)ရက်မှစ၍ ဆက်လက်ပူးတွဲလုပ်ကိုင်ခဲ့ခြင်း မရှိတော့ပါ။

သို့ဖြစ်ပါ၍ အထက်ပါကုမ္ပဏီနှင့်ပတ်သက်သော ကိစ္စရပ်အားလုံးတို့သည် ကျွန်တော်နှင့် သက်ဆိုင်ခြင်း လုံးဝ(လုံးဝ)မရှိတော့ပါကြောင်းနှင့် ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ ဦးအောင်ချမ်းမြေ့ဟိန်းအား ကျွန်တော်မှ မန္တလေး၊ မဟာအောင်မြေမြို့နယ် တရားရုံးတော်၌ ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၂၀ ဖြင့် အမှုဖွင့်တရားတစ်ထုံးစွဲဆိုထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွေးနိုင်(ဘ)ဦးသန်းဖေ**

**၆/တသရ(နိုင်)၀၃၅၃၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၂)၊ ဦးပိုင်အမှတ်(၅၁-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်ကြည်(ဘ) ဦးမြတ်ထွန်း အမည်ဖြင့် မြို့မြေကွက်သစ်ဖော်ထုတ်ရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့မှ မြေနေရာချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံထရံကာ(၂)ထပ်အိမ်(၁)လုံး၊ အဝီစိတွင်းရေ၊ လျှပ်စစ်မီးမီတာ၊ သွယ်တန်းလျှပ်စစ်ကြိုး၊ ဝန်းခြံအကာအရံတို့နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေကွက်ချထားရရှိပိုင်ဆိုင်သူ ဒေါ်ခင်ကြည်နှင့် ၎င်း၏ခင်ပွန်း ဦးငွေပေါ်တို့ ကွယ်လွန်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသော ၎င်း၏ သား၊ သမီးများဖြစ်သည့် ၁။ ဦးဝင်းမြင့်(ဘ)ဦးငွေပေါ်(၉/မနတ(နိုင်)၀၇၃၄၉၂)၊ ၂။ ဒေါ်သန်းသန်းအေး(ဘ)ဦးငွေပေါ်(၉/မနတ(နိုင်) ၀၈၀၁၇၀)၊ ၃။ ဒေါ်သန်းသန်းနွဲ့(ဘ)ဦးငွေပေါ်(ကွယ်လွန်)၍ ၎င်း၏သား ဦးသီဟဖြိုး(ဘ)ဦးဇော်လွင်(၉/ခမစ(နိုင်)၀၇၃၆၀၅)၊ ၄။ ဦးကျော်လွင်(ဘ)ဦးငွေပေါ်(၉/မရတ(နိုင်)၁၃၁၅၁၀)၊ ၅။ ဦးစိန်လွင်(ဘ)ဦးငွေပေါ်(၉/ခမစ(နိုင်)၀၃၃၀၀၁)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးစိုးရန်ပိုင်(LL.B)**

**အထက်တန်းရှေ့နေ**

(Thu Ta Law Firm)

**သုခမင်္ဂလာ(၂)ရပ်ကွက်၊ စစ်သည်ခြံ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၂၁၂၀၅၅၊ ၀၉-၄၀၃၇၃၃၃၆၈၊ ၀၉-၉၆၀၆၅၂၈၄၅**

❖ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည် မှန်ပေသော်လည်း ပြည်သူလူထု တစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၁၉၄၁-၁၉၄၅ ) မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မေ ၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၁၉၄၁-၁၉၄၅ ) မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် တက်ရောက်ချီးမြှင့်သည်။

### ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၁၉၄၁-၁၉၄၅) မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ ရုရှားစစ်သံမှူး Colonel Eduard Okladnikov နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၈* **သို့** ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။




## MFF Referee Assessor Workshop For 2025 ပြုလုပ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးပြီး ဒိုင်ကော်မတီနှင့် ဒိုင်ဌာနတို့ ပူးပေါင်းကျင်းပသည့် ဒိုင်ကြီးကြပ်အလုပ်ရုံဆွေးနွေးပွဲ MFF Referee Assessor Workshop For 2025 ကို မေလ ၇ ရက်မှ ၉ ရက်အထိ သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲ ခန်းမ၌ ပြုလုပ်ခဲ့သည်။

သုံးရက်တာ ကျင်းပပြုလုပ်ခဲ့သည့် အဆိုပါ MFF Referee Assessor Workshop 2025 သည် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပလျက်ရှိသော လက်ရှိ MNL League Cup 2025၊ Myanmar Women League 2025-26၊ MNL (U-21) Youth League 2025 အပါအဝင် လာမည့် ၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်-၁နှင့် ၂၀၂၅ မြန်မာနေရှင်နယ်လိဂ်-၂ စသည့် အမှတ်ပေးပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်လူကြီး၊ အကူဒိုင်နှင့် ဒိုင်ကြီးကြပ်များ၏ စွမ်းဆောင်ရည်များ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

(NGB)

၀-၀-၀-၀

၀-၀-၀-၀-၀